# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၂၀)၊ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ ၁၅-၇-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့(Fund RC- Investments)၏ ညွှန်ကြားရေးမှူး Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ချိတ်ဆက်၍ ကုန်သွယ်မှုလမ်းကြောင်းသစ် တိုးချဲ့ရေး၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေး၊ အရည်အသွေး ကောင်းမွန်သော သဘာဝမြေဩဇာများ တင်သွင်းရေး၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်မှုများ မြှင့်တင်ဆောင်ရွက်ရေး၊ ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးနည်းပညာများ မျှဝေရေးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## မိုးစပါးစိုက်ဧက ၁၁၇၆၄၃ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထား

မိတ္ထီလာ ဇူလိုင် ၁၄

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၁၇၆၄၃ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)



မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် မိုးစပါးစိုက်ဧကများ သတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် စိုက်ပျိုးသည့် မိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာခရိုင်အတွင်း ဆည်ရေ၊ ကန်ရေများအပြင် ဆည်ရေ၊ ကန်ရေ မရရှိသည့်ဒေသများတွင် မိုးရေများဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၁၇၆၄၃ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း သိရသည်။

ယင်းသို့ သတ်မှတ်လျာထားရာတွင် မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာမြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၃၀၆၁ ဧက၊ မလှိုင်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၆၀၂၉ ဧက၊ သာစည်မြို့နယ်တွင် မိုးစပါး စိုက်ဧက ၃၉၄၇၅ ဧက၊ ဝမ်းတွင်းမြို့နယ်တွင် မိုးစပါးစိုက်ဧက ၅၉၀၇၈ ဧကတို့ကို စိုက်ပျိုးသွားမည်ဖြစ်ရာ မိတ္ထီလာခရိုင်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ဧက ၁၁၇၆၄၃ ဧကကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၆၉)

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၄

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ အင်္ဂါနေ့။

မန္တလေး

## ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ် လျှော့ချရေးနည်းလမ်းများ ဆွေးနွေးလျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့် တောင်သူများ စဉ်ဆက်မပြတ်ထိတွေ့အဖြေရှာနိုင်စေရန် အပတ်စဉ် စနေနေ့တိုင်း တောင်သူနည်းပညာပေး ဆွေးနွေးပွဲများကျင်းပပေးလျက်ရှိသည်။ (၇၅)ကြိမ်မြောက်ဆွေးနွေးပွဲကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ကျင်းပခဲ့သည်။ တောင်သူနည်းပညာဆွေးနွေးပွဲတွင် သက်ဆိုင်ရာပညာရှင်များက ပိုးသတ်ဆေးဥပဒေအကြောင်းသိကောင်းစရာနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ် လျှော့ချသည့်နည်းလမ်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပိုးသတ်ဆေးသုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းရန်၊ စားသုံးသူများနှင့် သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် တောင်သူများ ပိုးသတ်ဆေးသုံးစွဲရာတွင် အရည်အသွေးစစ်မှန်ပြီး အကျိုးအာနိသင်ထိရောက်မှုရှိစေရန် ရေးဆွဲအတည်ပြုပြဋ္ဌာန်းထားသည့် ပိုးသတ်ဆေးဥပဒေဆိုင်ရာ သိသင့်သိထိုက်သည်များ၊ ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ်လျှော့ချရေးနည်းလမ်းများကို ကျွမ်းကျင်သူပညာရှင်များက ဆွေးနွေးပို့ချသွားကြမည်ဖြစ်ရာ တက်ရောက်လာကြသည့် တောင်သူများအနေဖြင့် ဆွေးနွေးပို့ချမှုများကို နားထောင်ရုံမျှမက မိမိတို့၏ အတွေ့အကြုံဗဟုသုတများကို ပြန်လည်မျှဝေ ပေးကြစေလိုကြောင်း၊ မိမိတို့၏ စိုက်ပျိုးထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်ပါဝင်မှုသည် အထူးအရေးကြီးပါကြောင်း၊ တောင်သူကြီးများ၏ အသိပညာ၊ ဗဟုသုတကြွယ်ဝမှုနှင့် စနစ်တကျလိုက်နာကျင့်သုံးမှု တိုးတက်မြင့်မားလာသည်နှင့်အမျှ စီးပွားရေးအရ နစ်နာဆုံးရှုံးမှုကို လျှော့ချနိုင်မည်ဖြစ်ပါ၍ ဝိုင်းဝန်းကြိုးပမ်းပေးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆိုင်းရော်က ပိုးသတ်ဆေးဥပဒေပြဋ္ဌာန်းခြင်း၊ ပိုးသတ်ဆေး ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ပိုးသတ်ဆေးဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲရသည့် အကြောင်းရင်းများနှင့် လုပ်ထုံးလုပ်နည်းများ၊ ယခင်ဥပဒေနှင့် ကွာခြားချက်များ၊ ပိုးသတ်ဆေးဥပဒေအသစ်၏ အားသာချက်၊ ရည်ရွယ်ချက်များ၊ ပိုးသတ်ဆေးနည်းပညာကော်မတီနှင့် ပိုးသတ်ဆေးမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ၊ ပိုးသတ်ဆေးမှတ်ပုံတင် ခွင့်ပြုသည့် ပိုးသတ်ဆေးအမျိုးအစားများကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ဝေနိုင်က ပိုးသတ်ဆေးသမိုင်းကြောင်း၊ DDT ဒြပ်ပေါင်း၏ ပိုးသတ်ဆေးအာနိသင်ရှိမှုကို ရှာဖွေတွေ့ရှိခြင်း၊ DDT ပိုးသတ်ဆေးကို အသုံးပြုခြင်း(၁၉၄၀-၁၉၅၀)၊ ပိုးသတ်ဆေးကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများ၊ ပိုးသတ်ဆေး ဓာတ်ကြွင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ပိုးသတ်ဆေးဓာတ်ကြွင်းပြဿနာများ၊ ပိုးသတ်ဆေးဓာတ်ကြွင်း လျှော့ချသည့် နည်းလမ်းများကိုလည်းကောင်း ဆွေးနွေးပို့ချကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ပိုးသတ်ဆေးသုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းရန်၊ စားသုံးသူများနှင့် သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ် လျှော့ချရေးနည်းလမ်းများကိုဆွေးနွေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၁၀လမ်း၊ ဒေါနဘွားကားဝင်းအနီး၊ ဓာတ်ငွေ့စက်ရုံရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဓ-၁)မွှောရုံ၊ ၆၁လမ်းနှင့် ၁၁၁လမ်းထောင့်၊ မြို့သစ်(၄)ရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ယာပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၁၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ၃၄လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉လမ်းနှင့် လမ်း ၆၀ကြား ပွဲတော်ဘုန်းကြီးကျောင်းအနီးတို့တွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တံမြက်စည်းစုရပ်ကွက်၊ လမ်း၄၀၊ လမ်း၆၀နှင့် ၆၂ လမ်းကြားနှင့် အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်လမ်းဆုံတို့တွင်လည်းကောင်း၊ ဇူလိုင် ၁၇ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်(ဘဘ-၁၈)၊ ၄၅လမ်းနှင့် ၁၁၄လမ်းထောင့်တွင်လည်းကောင်း၊ ဇူလိုင် ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂ လမ်းနှင့် ၅၃လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ဇူလိုင် ၁၉ ရက်တွင် အာဇာနည်နေ့(ရုံးပိတ်ရက်)ဖြစ်၍ သက်သာဈေးရောင်းချမှုအစီအစဉ်ကို ရပ်နားထားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## နိုင်ငံကျော်အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး)မှ ဂီတရန်ပုံငွေပွဲ ပြုလုပ်မည်



**မန္တလေး ဇူလိုင် ၁၄**

မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မန္တလေးတိုင်းဒေသကြီး အနေဖြင့် မန်းမြင့်မိုရ်ဟိုတ်န်း ကုမ္ပဏီဝင်းအတွင်း ဇူလိုင် ၁၈ ရက်၊ ညနေ ၅ နာရီမှ ၈ နာရီခွဲထိ ဂီတရန်ပုံငွေပွဲအဖြစ် နိုင်ငံကျော်အဆိုတော်များနှင့်အတူ ကျင်းပမည့် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့မအသင်းရုံးတွင် ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဂီတရန်ပုံငွေပွဲတွင် နိုင်ငံကျော်အဆိုတော်များဖြစ်သည့် သန်းမြတ်စိုး၊ ဖိုးသောကြာ၊ အိအိချွန်နှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့မှအဆိုတော်များက ဖျော်ဖြေကြမည်ဖြစ်၍ ရရှိသော ရန်ပုံငွေဖြင့် သဘာဝဘေးခံစားရသူများ သာမက အခြားသော လိုအပ်သည့်နေရာများတွင် လှူဒါန်းထောက်ပံ့သွားမည်ဟုဆိုသည်။

"လာရောက်တဲ့သူတွေကို ဧည့်ခံကျွေးမွေးသွားမှာဖြစ်ပါတယ်၊ ဝင်ကြေးမရှိသလို တေးသီချင်းများလည်း ကိုယ်တိုင်သီဆိုဖျော်ဖြေလို့ရပါတယ်၊ မည်သူမဆို တက်ရောက်နိုင်ပြီး အလှူရှင်တွေလည်း တက်ရောက်ကြမှာဖြစ်တာကြောင့်ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး)မှ အတွင်းရေးမှူး ဦးခင်မောင်ဆွေက ပြောသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံးကို အနယ်နယ်အရပ်ရပ်တွင် ပြန်လည်ဖွဲ့စည်းလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးကို ၂၀၂၅ ခု ဧပြီ ၁၀ ရက်က စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ဥက္ကဋ္ဌ ဒေါက်တာလှနိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သန်း(တေးချစ်သူ)၊ အတွင်းရေးမှူး ဦးခင်မောင်ဆွေနှင့် လုပ်ငန်းကော်မတီဝင် ၁၅ ဦးနှင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား Biometric(UID) ကတ်ပြုလုပ်ပေး

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ ၆၁လမ်းနှင့် ၁၁၇လမ်းထောင့်ရှိ ခမ္မာရုံတွင် ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား Biometric (UID)ကတ် ပြုလုပ်ပေးခဲ့သည်။

အဆိုပါ ပြုလုပ်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်သွင်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်တို့က ဌာနအသီးသီးမှ အငြိမ်းစားယူခဲ့သည့် နိုင်ငံ့ဝန်ထမ်း ၈၅ ဦး၊ စုစုပေါင်း ၁၀၀ ဦးခန့်ဖြင့် ကျင်းပပြုလုပ်ပေးခဲ့သည်။ ဆက်လက်ပြီး ယင်းအခမ်းအနားသို့ မဟာအောင်မြေခရိုင် လဝကဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ခရိုင်လဝကဦးစီးမှူး ဦးဟိန်းကျော်အောင်က Biometric (UID) ပြုလုပ်ပုံအဆင့်ဆင့်အား ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာသော နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**စင်မင်းမောင်**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၇၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဝန်ကြီးဌာနများ၌ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

စက်မှုဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ်(၃၀) ပရိဝုဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး လျှိုပိတ်ဆည်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း၊ ငါးကျည်း၊ ထိုင်းငါးခုံးမ စသည့် ငါးသားပေါက်ကောင်ရေ ၁၅၀၀၀ ကို စိုက်ထည့်ပေးကြသည်။

ထို့အတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန ပရိဝုဏ်အတွင်းရှိ တစ်ဖက်ပိတ်ဆည်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးသည့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀ ကို စိုက်ထည့်ပေးခဲ့သည်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ပရိဝုဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ငါးလုပ်ငန်း ဦးစီးဌာနက ပံ့ပိုးပေးသော ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ငါးမျိုးများစိုက်ထည့်ပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ငါးမျိုးများစိုက်ထည့်ပေးစဉ်။

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြောကြား

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံရှိ Bangkok၊ Chonburi နှင့် Songkhla မြို့တို့တွင် အားကစား နည်း ၅၃ နည်းအားခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၄၀ တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိစခန်းဝင် လေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများ၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍများ အလိုက် တာဝန်ရှိသူများက အသေးစိတ်ဆွေးနွေး တင်ပြပေးသွားရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း (By Sports)နှင့် ပြိုင်ပွဲအမျိုးအစား (Event)များကို အိမ်ရှင်ထိုင်းနိုင်ငံသို့ ပေးပို့ခဲ့ပြီးပြီဖြစ်၍ ပြိုင်ပွဲဝင် အားကစားသမားများ၏အမည်စာရင်း(By Number) များ အချိန်မီပေးပို့နိုင်ရန် လူရွေးချယ်ခြင်းများကို တာဝန်ရှိသူများက ဇူလိုင်လကုန်အပြီး ရက်များ သတ်မှတ်၍ စနစ်တကျ စိစစ်ရွေးချယ်ကာ ဝန်ကြီး ဌာနသို့ အချိန်မီတင်ပြနိုင်ရေးအတွက် အားကစား အဖွဲ့ချုပ်များကို ကြိုတင်အကြောင်းကြားထားရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးထိန်လင်းက လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေး၊ အားကစားနည်းအလိုက် အားကစားသမားများ အတွက် လိုအပ်သည့် ကယ်လိုရီပမာဏနှင့် အာဟာရများ ပြည့်ဝစေရေးတို့အတွက် Sport Nutrition အာဟာရပိုင်းဆိုင်ရာ တွက်ချက်မှုများနှင့် အညီ စခန်းဝင်အားကစားသမားများအား ချက်ပြုတ် ကျွေးမွေးဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက သေသေချာချာ စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲများအလိုက် တာဝန်ရှိသူညွှန်ကြားရေးမှူးများက လာမည့်(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဆောင်ရွက်သွား ရမည့် ယခင်လအစည်းအဝေး၏ ဆုံးဖြတ်ချက်များနှင့် လက်ရှိကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ကဏ္ဍများအလိုက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ဝန်ကြီးက လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး အတွက် လိုအပ်သည်များကို အချိန်နှင့် တစ်ပြေးညီ စနစ်တကျ တက်ညီလက်ညီ ဆက်လက်၍ အရှိန် အဟုန်ဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ညောင်ဦးမြို့နယ် ကုန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ညောင်ဦး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေအိုင့်ကျေးရွာအုပ်စု၊ ကုန်း ရှည်ကျေးရွာ၌ နဝမအကြိမ် မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည် ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်း ကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ရေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က မြစိမ်းရောင် ကျေးရွာစီမံကိန်း လက်စွဲစာစောင် ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာ မည့် အကျိုးကျေးဇူးများ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရ မည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ ဥပဒေ၊ နည်း ဥပဒေများအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက စီမံ ကိန်းစက်ဝန်း ကာလသတ်မှတ် ချက်များ ၊ အတိုးနှုန်းသတ်မှတ် ချက်များနှင့် စီမံကိန်းစာရင်း ဇယားများ ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်း ပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံ ငွေများကို လွှဲပြောင်းပေးအပ် သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များက ကုန်းရှည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၀ ဦးကို ငွေကျပ် ၄၃ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၅ ဒသမ ၃ သန်း၊ အရောင်း အဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂ ဦးကို ငွေကျပ် သုည ဒသမ ၈ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၀ ဦးကို နဝမ အကြိမ်မြောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၆၀ ကို ထုတ်ချေးဆောင် ရွက်ပေးခဲ့ကြောင်း ညောင်ဦး မြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်ထံမှ သိရသည်။

(၄၄၅)





# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၅) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။



အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၅) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၅) မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ဒီသင်တန်းမှာ သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေကို တိုင်းပြည်ရဲ့ တစ်စိတ်တစ်နေရာမှာ အသုံးချသွားမယ်လို့ ခံယူထားပါတယ်။ အပြင်လောကထက် စာလို့ရှိရင် ဒီထဲမှာ စည်းကမ်းတွေလည်း အများကြီးရှိတယ်။ ပြီးတော့ စစ်ပညာတွေလည်း အများကြီး ရပါတယ်။ လူတိုင်းမလုပ်နိုင်တဲ့ စစ်သားဖြစ်တော့မှာ ဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။

၂။ ပြည်သူ့စစ်မှုထမ်းကို ကိုယ့်ရဲ့ စိတ်ဆန္ဒနဲ့ ကိုယ်ကိုယ်တိုင် တာဝန် ထမ်းဆောင်ချင်လို့ ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ တာဝန် ထမ်းဆောင်ရတော့မယ်ဆိုတော့ စိတ်ထဲမှာလည်း ပျော်ပါတယ်။ ပြည်သူတွေအတွက် အသက်စွန့်ပြီးတော့ ကာကွယ်ရမယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။ အပြင်မှာနေသလို အရပ်သား မဟုတ်တော့ဘဲ ကိုယ့်နိုင်ငံသားကို ကိုယ်ပြန်စောင့်ရှောက်ရမယ့် သူ့ရဲကောင်းတစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ် ခံယူမိပါတယ်။

သတင်းစဉ်











# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တရားမဝင် စက်သုံးဆီနှင့် ကုန်စည်များ ဖြတ်သန်းသယ်ဆောင်မှုမရှိစေရေးနှင့်စပ်လျဉ်း၍ စိစစ်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၁၄**

တရားမဝင် စက်သုံးဆီနှင့် ကုန်စည်များ ဖြတ်သန်းသယ်ဆောင်မှုမရှိစေရေးနှင့် စပ်လျဉ်း၍စိစစ်ရေး လုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် မြို့ဝင်၊ မြို့ထွက်စစ်ဆေးရေး ဂိတ်များမှ တရားမဝင် စက်သုံးဆီနှင့် ကုန်စည်များ ဖြတ်သန်းသယ်ဆောင်မှု မရှိစေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး အလေးထားဆောင်ရွက်နေပါကြောင်း၊ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များ ချောမွေ့စေရန် စိစစ်ရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပေးပြီး ဖြစ်ပါ၍ လုပ်ငန်းများကို လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဧရာဝတီတံတား (ရတနာပုံ) မြစ်ကူးတံတား (မန္တလေး)ဖြတ်သန်းသွားလာမည့် ယာဉ်များအား စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယာဉ်ကြောကျပ်တည်းခြင်း မဖြစ်ပေါ်စေရန်နှင့် ခရီးသွားပြည်သူများ အခက်အခဲများ မရှိစေရန်အတွက် ၁၅တန်နှင့်အထက် ကုန်တင်ယာဉ်များမှာ အမရပူရမြို့နယ်ရှိ ပြည်ကြီးမဂ်လာကုန်တင်ယာဉ်ရပ်နားစခန်း(စွယ်တော်ကားကွင်း)ရှိ စစ်ဆေးရေးစခန်းနှင့် ၁၅ တန်အောက်ကုန်တင်ယာဉ်များ၊ ခရီးသွားယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်များမှာ ဧရာဝတီတံတား(ရတနာပုံ) မြစ်ကူးတံတား(မန္တလေး)စစ်ဆေးရေးဂိတ်အနီးရှိ စစ်ဆေးရေးစခန်းတို့တွင် စစ်ဆေးမှုခံယူ၍ ဖြတ်သန်းသွားလာခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ တံတားရေရှည်ကြံ့ခိုင်ရန်အတွက် ၁၅တန်နှင့်အထက် ကုန်တင်ယာဉ်များမှာ မန္တလေး(ရွှေကြက်ယက်) ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ပုဂ္ဂလိကပိုင်ရေယာဉ်တွဲရေယာဉ်များဖြင့် ဖြတ်သန်းသွားလာကြရမည်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကာ အဂတိလိုက်စားမှုများ မဖြစ်ပေါ်လာစေရေးကိုလည်း အထူးကြပ်မတ်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တရားမဝင် စက်သုံးဆီနှင့် ကုန်စည်များ ဖြတ်သန်းသယ်ဆောင်မှုမရှိစေရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြောကြားပြီး စိစစ်ရေး လုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများက ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**





## ဒေသထွက်ကုန်များ ရာသီမရွေးသယ်ယူနိုင်ရေး ကွမ်းဆေးမြောင်းပေါင်အား ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တောင်သူများ၏ သီးနှံစိုက်ခင်းများ ရေလိုအပ်ချိန်တွင် အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးရေများပေးဝေနိုင်ရေးနှင့် လယ်ယာထွက်ကုန်များ အချိန်တိုအတွင်း သယ်ယူနိုင်ရေး ဆည်မြောင်းများနှင့် မြောင်းပေါင်လမ်းများအား ဘဏ္ဍာနှစ်အလိုက် ပြန်လည်ပြုပြင်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒေသထွက်ကုန်များရာသီမရွေး သယ်ယူနိုင်ရေး ကွမ်းဆေးမြောင်းပေါင်လမ်းအား ပြန်လည်ပြုပြင်ပေးလျက်ရှိသည်။

ပြန်လည်ပြုပြင်ပေးသွားမည့် ကွမ်းဆေးမြောင်းပေါင်လမ်းသည် ကျောက်ဆည်မြို့နယ် သမန္တလင်း ကျေးရွာအနီးတွင် တည်ရှိပြီး မြောင်း၏ပေတိုင်အမှတ်(၄၀၄၀၀)ပေမှ(၄၂၀၀၀)ပေ အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြောင်းပေါင်လမ်းသည်မြေသားလမ်းဖြစ်ပြီး နှစ်ကာလကြာမြင့်ခြင်းနှင့် အသွားအလာများသည့်အတွက် ချိုင့်ခွက်များ ဖြစ်ပေါ်နေပြီး ရာသီမရွေးသွားလာနိုင်ရန်နှင့် လယ်ယာထွက်ကုန်များ အချိန်တိုအတွင်း လျင်မြန်စွာ သယ်ယူနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ဖြင့် လမ်း အကျယ်(၁၂)ပေ၊ လမ်းထု (၆) လက်မ၊ လမ်းအရှည် (၁၆၀၀)ပေ ဂျင်းကျောက်မြေလမ်း ပြန်လည် ပြုပြင်ခင်းပေးသွားမည်ဖြစ်သည်။

အဆိုပါ မြောင်းပေါင်လမ်းပိုင်းအား ပြန်လည်ခင်းခြင်းလုပ်ငန်းများ ပြီးစီးပါက ကွမ်းဆေး မြောင်းပေါင်လမ်းအား အသုံးပြုနေသည့် ပြည်သူများအတွက် ရာသီမရွေးအခက်အခဲမရှိ လူမှုစီးပွားဘဝများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု ဦးစီးဌာနမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

## ကုန်ထုတ်လုပ်မှုလုပ်ငန်း အခြေအနေများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ အမှတ်(၂)ညီနောင်ရပ်ရှိ သဇင်ဖြူအမှတ်တံဆိပ် ကွန်ပျူတာပန်းထိုးအထည်စက်သို့ ကုန်ထုတ်လုပ်မှုလုပ်ငန်းအခြေအနေကို ယမန်နေ့က မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးမှ သိရသည်။

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် သဇင်ဖြူအမှတ်တံဆိပ် ကွန်ပျူတာပန်းထိုးအထည်စက်သို့ ကုန်ထုတ်လုပ်မှုလုပ်ငန်း အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ သဇင်ဖြူအမှတ်တံဆိပ် ကွန်ပျူတာပန်းထိုးအထည်စက်သည် လုပ်သားအင်အား(၄၀)ဦးဖြင့် ကွန်ပျူတာ စက်ပန်းထိုးအထည်များ ရက်လုပ်လျက်ရှိရာ တစ်ရက်လျှင် အမျိုးသမီးဝတ်ဝမ်းဆက်အထည်(၂၀၀)နှုန်းဖြင့် တစ်လအထည် (၆၀၀၀) ထုတ်လုပ်နိုင်ကြောင်း၊ ထုတ်လုပ်ရရှိသောအထည်များကို ဈေးကွက်အနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့လျက်ရှိရာ မြို့ပေါင်း (၃၆၀)သို့ တင်ပို့နိုင်ကြောင်း၊ ဈေးနှုန်းအနေဖြင့် လုံချည်တစ်ကွင်းလျှင်(၁၆၀၀၀)ကျပ်၊ ဝမ်းဆက်တစ်စုံလျှင်(၁၉၀၀၀ မှ ၂၁၀၀၀)ကျပ်တို့ဖြင့် ရောင်းချရကြောင်း သိရပြီး၊ ဒေသတွင်း အောင်မြင်မှုရရှိနေသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သဇင်ဖြူ ကွန်ပျူတာပန်းထိုးအထည်စက်အနေဖြင့် ယခုအခါ ဈေးကွက်သစ်များ ထပ်မံချဲ့ထွင်ခြင်းကို အွန်လိုင်းမှပါတစ်ဆင့် ဆောင်ရွက်နေကြောင်း သိရပြီး ဌာနမှ အွန်လိုင်းဖြင့် ရောင်းဝယ်ရာ၌ တရားဝင်မှတ်ပုံတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**(၄၆၉)**



✡ စာမျက်နှာ ၂၄ မှ

Diamonds, Saitama Reinas စသည့် ကလပ်များတွင် နောက်တန်း ကစားသမားအဖြစ် ကစားခဲ့သည်။

နည်းပြဘဝတွင် JFA Pro license ရ နည်းပြတစ်ဦးဖြစ်ပြီး Urawa Red Diamonds အသင်း အပါအဝင် ဂျပန်အမျိုးသမီး ကလပ်များ၊ လူငယ်အသင်းများကို ကိုင်တွယ်ခဲ့သူဖြစ်သည်။

နည်းပြချုပ် Ms. Kumiko Tashiro အနေဖြင့် မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၇ အသင်းကို အာရှခြေစစ်ပွဲနှင့် အာဆီယံပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရန် ဦးဆောင်ရမည်ဖြစ်သည်။

**(NGB)**

Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်၊ ဆွမ်းဦးပုညရှင်စေတီတော်၊ ရတနာစေတီဆင်များရှင်ဘုရား၊ ထူပါရုံစေတီတော်နှင့် မဟာစေတီများရှိ ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ကို ဘက်စုံပြန်လည်ပြုပြင်နေသည့် အခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ ရတနာဒီပံချောင်၊ ပထမဂန္ဓာရုံကျောင်းတိုက်နှင့် ရွှေစေတီကျောင်းတိုက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေတို့ကို လည်းကောင်း၊ စိန်ကုန်းရပ်ကွက်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံ အပြိုအပျက်များကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ ရာဇမဏိစူဠာကောင်းမှုတော်၌ ဘက်စုံပြန်လည်ပြုပြင်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ ဇိနောဒယပရိယတ္တိစာသင်တိုက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကာရဏိကနှင့် ဆရာတော်သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဇိနောဒယပရိယတ္တိစာသင်တိုက်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများကို တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံး ဥသျှောင်ရပ်ကွက် ဒက္ခိဏာရာမဘုရားကြီးတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သိမ်ကျောင်းအား တပ်မတော်သားများက အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ အာနန္ဒာမြတ်စွာဘုရားဝင်းအတွင်း စေတီတော်အထက်ပိုင်းရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေး ဆောင်ရွက်ကြသူများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa သို့သွားရောက်၍ရှင်းလင်းရန်ကျန်ရှိနေသည့်" A" ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ လျှပ်စစ်မီးကြိုးများကို စနစ်တကျကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ နေ့စဉ်အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများဖြစ်သည့်အတွက် လမ်းပိတ်ဆို့မှုမဖြစ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး၊ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဓလ

## ဒုတိယဝန်ကြီး ဦးအေးကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နယူးဒေလီမြို့၌ ဆဋ္ဌမအကြိမ်မြောက် လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲဦးဆောင်ကော်မတီ အစည်းအဝေးတက်ရောက်

နေပြည်တော် ဇူလိုင် ၁၄

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင်၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အိန္ဒိယ လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲဦးဆောင်ကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံအစိုးရ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အိမ်ရာနှင့် မြို့ပြရေးရာဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် H.E. Shri Manohar Lal ၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံ လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကိုယ်စားလှယ် အဖွဲ့သည် မြန်မာ - အိန္ဒိယ လျှပ်စစ်ကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သတ္တမအကြိမ်မြောက် ပူးတွဲလုပ်ငန်း အဖွဲ့အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် ပူးတွဲဦးဆောင်ကော်မတီအစည်းအဝေးတို့သို့ တက်ရောက်ခြင်း၊ မြန်မာ-အိန္ဒိယ နယ်စပ်ဖြတ်ကျော် ဗို့အားမြင့် ဓာတ်အားလိုင်း စီမံကိန်းဆိုင်ရာ စီမံကိန်းအသေးစိတ် အစီရင်ခံစာပြုစုခြင်း သဘောတူညီချက် (Agreement for preparation of Detailed Project Report- DPR) လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။



ထို့ပြင် အဆိုပါခရီးစဉ်အတွင်း ဒုတိယဝန်ကြီး ဦးဆောင်သော အဖွဲ့သည် ဇူလိုင် ၁၀ ရက်တွင် နယူးဒေလီရှိ Power Grid Cooperation ၏ National Control Center ကိုလည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင် နွိုက်ဒါရှိ National Thermal Power Cooperation ၏ Technical Research and Training Center နှင့် Solar Hybrid Farm ကို လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် အာဂရာရှိ Power Grid Cooperation ၏ ၈၀၀ ကေဗွီ၊ High Voltage Direct Current (HVDC) ဓာတ်အားခွဲရုံကို လည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာယူ-၂၃အသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာ ယူ-၂၃အသင်းသည် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု(ဂ)တွင် ထိုင်း၊ မြန်မာ၊ တီမောအသင်းတို့ ပါဝင်နေပြီး ဇူလိုင် ၁၅ ရက်မှ ၂၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပ သွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းတွင် အုပ်ချုပ်သူ နည်းပြအဖွဲ့ဝင် ကိုးဦး၊ ကစားသမား ၂၃ ဦး လိုက်ပါသွားပြီး အုပ်စု(ဂ) အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၁၆ရက်တွင် တီမောအသင်းနှင့်စတင်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၂၂ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(NGB)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## The Boys တွင် Supernatural အဓိက သရုပ်ဆောင် သုံးဦး ပါဝင်ထား

အမေဇုန်ပရိုက်စ်၏ နာမည်ကျော်ရုပ်သံဇာတ်လမ်းတွဲ The Boys တွင် စူပါနထရယ်(မိစ္ဆာနှင်သူ)အဓိကသရုပ်ဆောင်သုံးဦးပါဝင်ထားကာ ဇာတ်ညွှန်းဆရာ အက်ရစ်ခရစ်ကီက အပိုင်း(၅)ပိုင်းနှင့် ဖန်တီးထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲ အပိုင်း(၃)တွင် စူပါနထရယ် အဓိကသရုပ်ဆောင်ဂျက်ဆန်အာကယ် ပါဝင်၍ အပိုင်း(၅)တွင် အဓိကသရုပ်ဆောင်နှစ်ဦးဖြစ်သည့် ဂျိတ်ပါဒါလက်ကီနှင့် မီရှာကိုလင်းတို့ ပါဝင်မည်ဟု တရားဝင်သတင်းထုတ်ပြန်ထားသည်။

စူပါနထရယ်တွင် ဝက်ချက်စတာညီနောင်တို့က The Boys တွင် စူပါဟီးရိုးများ လွှမ်းမိုး၍ ထင်ရာစိုင်းနေသည့် စွမ်းအားလွန်လူသားများကို အမြစ်ဖြတ်ရှင်းလင်းမည့် သူများကို ဇာတ်အိမ်တည်ထားရာ ကာရယ်အူဘာရန်း၊ ဂျက်ကွိုက်နှင့် အန်တိုနီစတက်တို့ဖြင့် ပါဝင်ထားကြပြီး ၂၀၂၆ ခုနှစ်တွင် ပြသမည်ဖြစ်သည်။

(SKY)

## Nam Yoon Soo ကို Love in the Big City နှင့် ဝေဖန်ထား

မျိုးဆက်သစ်အနုပညာရှင် နမ်ယွန်ဆူက Love in the Big City ဇာတ်ကောင်ကို လက်ခံရိုက်ကူးခဲ့၍ ပရိသတ်များ ဝေဖန်ထားရာမှ ဇာတ်ကားအောင်မြင်မှု ရရှိခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားမှာ လက်ရှိလူငယ်များကြား ဖြစ်ပျက်သည့် သဘာဝကို ရိုက်ကူးတင်ပြထားခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် တစ်နှစ်လုံး နမ်ယွန်ဆူက ဖခင်အတွက် ကျောက်ကပ်လှူ(တစ်ခြမ်းပေးပြီး)အနားယူနေခဲ့ခြင်းဖြစ်သည်။

ထိုကားကို သူ မခွဲစိတ်မီက ရိုက်ကူးထားပြီး အနားယူချိန်တွင် ပြသခဲ့ရာမှ ပရိသတ်ကြား အောင်မြင်မှုများကြောင့် လက်ရှိဇာတ်ကားများစွာတွင် ပါဝင်ရိုက်ကူးမှုများ ပြုလုပ်နေပြီ ဖြစ်သည်။

(SKY)

0-0-0-0-0-0



## Zhao Lusi က ဩဇာအလွှမ်းမိုးနိုင်ဆုံး အမျိုးသမီးသရုပ်ဆောင်ဖြစ်လာခဲ့

လွန်ခဲ့သည့်နှစ်တစ်နှစ်အတွင်း ပရိသတ်အပေါ် ဩဇာအလွှမ်းမိုးနိုင်ဆုံး အမျိုးသမီးသရုပ်ဆောင်ငါးဦးစာရင်းကို ထုတ်ပြန်ကြေညာထားရာ ကျန်းလူဆီလည်း ပါဝင်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် အမျိုးသမီး သရုပ်ဆောင်များအနက် The Story of Pearl Girl နှင့် ကျန်းလူဆီ၊ Love Game in Eastern Fantasy နှင့် ယူရှုရှင်း၊ Best Choice Ever နှင့် ယောင်းမီ၊ The Legend of Shenli နှင့် ကျန်းလီယင်း၊ Lost You Forever နှင့် ယောင်ဇီတို့ စာရင်းဝင်ခဲ့ကြသည်။

အမျိုးသား သရုပ်ဆောင် အကောင်းဆုံးငါးဦးစာရင်းတွင် Love Game in Eastern Fantasy နှင့် ဒင်းယူရှီ၊ War of Faith နှင့် ဝမ်ရိဘို၊ The Legend of Shenli နှင့် လင်ဂေါင်ရှင်း၊ Deep Lurk နှင့် ချောင်ရီ၊ Go East နှင့် တန်ဂျီအန်စီတို့ ပါဝင်ထားကြသည်။

(SKY)



## Baby Monster အဖွဲ့ ကေပေါ့ပ်အနုပညာလောကတွင် အောင်မြင်မှု ရရှိ

ကေပေါ့ပ်အနုပညာလောကတွင် နာမည်ကြီးအနုပညာရှင်များနှင့်အတူ ဘေဘီမွန်းစတားအဖွဲ့လည်း အောင်မြင်မှုရရှိထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ နာမည်ကြီးအနုပညာရှင်များ အောင်မြင်မှုစာရင်းတွင် လီဆာ၏UOUD ကုမ္ပဏီ၊ ရိုဇ်၏ The Blacklabel လက်တွဲမှု၊ ဂျီဒရယ်ဝွန်၏ FAM၊ ဂျင်းနီ၏ Oddatelier၊ ဂျီဆို၊ ဘေဘီမွန်းစတားအဖွဲ့နှင့် ဘစ်ဘန်းအဖွဲ့တို့လည်း ပါဝင်ခဲ့ကြသည်။

ဘေဘီမွန်းစတားအဖွဲ့သည် ဖြည်းဖြည်းမှန်မှန်ကြိုးစားမှုများနှင့် ကေပေါ့ပ်လောကတွင် အချိန်ကြာမြင့်စွာ ရပ်တည်နေခဲ့ပြီး အောင်မြင်မှုများစွာ ပိုင်ဆိုင်ထားကြသည်။

(SKY)

0-0-0-0-0-0



## ကျန်းမာရေးအတွက် ဆီကိုလျှော့စားသင့်ကြောင်း လေ့လာတွေ့ရှိ

မကြာသေးမီကပြုလုပ်ခဲ့သော လေ့လာမှုတစ်ရပ်အရ အိုမီဂါ-၆ ဖက်တီးအက်စစ်များနှင့် ရောင်ရမ်းမှုအကြား ဆက်နွယ်မှုနှင့်ပတ်သက်၍ အသိပညာသစ်များ ပေါ်ထွက်ခဲ့ကြောင်း အာဟာရဓာတ်များ ဂျာနယ်တွင် ဖော်ပြသည်။

အစေ့အဆန်များကို ကြိတ်ယူရရှိသောဆီများတွင် အိုမီဂါ-၆ ဖက်တီးအက်စစ်တစ်မျိုးဖြစ်သော လီနိုလိတ်အက်စစ်ကြွယ်ဝစွာ ပါဝင်နေသဖြင့် အလွန်အကျွံစားသုံးလျှင် ကျန်းမာရေးပြဿနာရှိလာနိုင်သည်ဟု ဆိုကြသည်။

လီနိုလိတ်အက်စစ်ပမာဏ မြင့်မားခြင်းသည် နာတာရှည်ရောင်ရမ်းမှုကို ဖြစ်စေနိုင်သည်ဟု ယူဆကြသည်။

အမေရိကန်သုတေသီများ၏လေ့လာချက်အရ လီနိုလိတ်အက်စစ် လွန်ကဲစွာစားသုံးလျှင် နှလုံးကျန်းမာရေးအပါအဝင် အထွေထွေကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း တွေ့ရှိရသဖြင့် နေကြာ၊ နှမ်း၊ မြေပဲစသော အစေ့အဆန်များမှရသော ဆီကိုလျှော့စားသင့်ကြောင်း လူထုကျန်းမာရေးပညာရှင်များက အကြံပြုသည်။

SCI



## James Bond ပွဲကိုင်ရှင် Barbarca Broccoli က ဖန်တီးမှု မူပိုင်ခွင့်ကို လွှဲပြောင်းပေးအပ်ခဲ့

ဂျိမ်းစ်ဘွန်း ပွဲကိုင်ရှင် ဘာဘာကာဘရောကိုလီနှင့် မိုက်ကယ်ဂျီဝီလ်ဆန်တို့ နှစ်ဦးက နှစ်ပေါင်းများစွာ ရုပ်ရှင်ထုတ်လုပ်ရေးမူပိုင်ခွင့်ကို Amazon MGM သို့ ဖန်တီးမှု မူပိုင်ခွင့် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ လွှဲပြောင်းရခြင်း အကြောင်းအရင်းမှာ မကြာသေးမီက Amazon MGM နှင့် ဘာဘာကာဘရောကိုလီတို့၏ EON Production ကြား ဂျိမ်းစ်ဘွန်းဇာတ်ကောင်နှင့် ပတ်သက်၍ အမြင်မတူညီမှုများ ရှိခဲ့ကာ ပြဿနာကြီးမားခဲ့ကြသည့်အတွက် ဘာဘာကာဘရောကိုလီက မိသားစုပိုင် EON Production သည် ဂျိမ်းစ်ဘွန်းဇာတ်ကောင်ကို Amazon MGM နှင့် ပူးတွဲပိုင်ဆိုင်ရမည်ဖြစ်သော်လည်း ဖန်တီးမှု မူပိုင်ခွင့်ကို လွှဲပြောင်းပေးအပ်လိုက်သည်။



ဘာဘာကာဘရောကိုလီက ဂျိမ်းစ်ဘွန်းဇာတ်ကောင်အတွက် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့ရ၍ ဂုဏ်ယူမိကြောင်း၊ ယခုအချိန်တွင် အခြားပရောဂျက်များ ပါဝင်ရန် စိတ်လှုပ်ရှားနေကြောင်း ပြောကြားခဲ့ကာ မိုက်ကယ်ဂျီဝီလ်ဆန်ကလည်း အနုပညာပွဲတော်အတွက် ရန်ပုံငွေရှာဖွေရေးလုပ်ငန်းတွင် ပါဝင်ရန် ဆုံးဖြတ်ထားကြောင်း ပြောခဲ့သည်။

(SKY)

0-0-0-0-0-0



## Squid Game သရုပ်ဆောင် Lee Jung Jae က မီလန်ဖက်ရှင်ပွဲတက်ရောက်လာ

ကမ္ဘာကျော် Squid Game သရုပ်ဆောင် လီဂျောင်ဂျေးက ကမ္ဘာလုံးဆိုင်ရာ Gucci ကုန်အမှတ်တံဆိပ်၏ သံတမန်အဖြစ် Milan for the upcoming Fall Winter 2025 ဖက်ရှင်ရှိုးပွဲသို့ တက်ရောက်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဂျောင်ဂျေးသည် Gucci ကုန်အမှတ်တံဆိပ်ဖက်ရှင်များနှင့် အိတ်ကိုင်၍ တက်ရောက်လာရာ ပရိသတ်ကြား ချောမောခန့်ညား၍ မီးခိုးရောင်နှင့် အနက်ရောင်ဖက်ရှင်စတိုင်လ်က ဆွဲဆောင်အားပြင်းခဲ့သည်။

ကိုရီးယားအနုပညာရှင် ကေပေါ့ပ်အဆိုတော် ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်ကလည်း မီလန်ပရိသတ်ကို လွှမ်းမိုးနိုင်ခဲ့သော ဖက်ရှင်စတိုင်လ်နှင့် Gucci ဖက်ရှင်ပြည့်နှင့် မြင်တွေ့ကြရသည်။

(SKY)

## တရုတ်နိုင်ငံအနောက်ပိုင်း ရှီရှားကေရာင်ဂူသင်္ချိုင်းများ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်လာ



**ပဲရစ် ဇူလိုင် ၁၄**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၌ ယမန်နေ့ကကျင်းပသော ကုလသမဂ္ဂ ယူနက်စကိုကမ္ဘာ့အမွေအနှစ်ကော်မတီ၏ (၄၇)ကြိမ်မြောက် အစည်းအဝေးတွင် တရုတ်နိုင်ငံအနောက်ပိုင်း ရှီရှားကေရာဇ်ဂူသင်္ချိုင်းများ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီး တရုတ်နိုင်ငံ၏ ၆၀ ခုမြောက် ကမ္ဘာ့အမွေအနှစ်နေရာ ဖြစ်လာခဲ့သည်ဟု စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဂူသင်္ချိုင်းများသည် အနောက်မြောက်တရုတ်နိုင်ငံ၊ နင်းရှားဟွေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ယင်ချွမ်မြို့၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိပြီး ၁၁ ရာစုမှ ၁၃ ရာစုအကြား ထန်ဂုလူမျိုးများက တည်ဆောက်ခဲ့သော ရှီရှားမင်းဆက် (၁၀၃၈-၁၂၂၇) မှ ဧကရာဇ်ဂူသင်္ချိုင်းများ အစုအဝေးဖြစ်သည်။

ဂိုဘီသဲကန္တာရတွင် တည်ရှိသော အဆိုပါဂူသင်္ချိုင်းများသည် ဧရိယာ စတုရန်းကီလိုမီတာ ၄၀ နီးပါး ကျယ်ဝန်းကာ ၎င်းတွင် ဧကရာဇ်ဂူသင်္ချိုင်းကြီး ၉ ခု၊ လက်အောက်ခံဂူသင်္ချိုင်း ၂၇၁ ခု၊ ၅ ဒသမ ၀၃ ဟက်တာ ကျယ်ဝန်းသော မြောက်ပိုင်းဗိသုကာနေရာနှင့် ရေကြီးရေလျှံ ကာကွယ်ရေး တည်ဆောက်မှုနေရာ ၃၂ ခု ပါဝင်သည်။ ၎င်းတို့ကို ဟယ်လန်တောင်တန်း များက နောက်ခံအဖြစ် ခမ်းနားထည်ဝါသော ရှုခင်းဖန်တီးပေးထားကြောင်း သိရသည်။

**Mon**

## တာတူးစ်ပင်လယ်ဆိပ်ကမ်းကို ပြန်လည်တည်ဆောက်ရန် ဆီးရီးယားနိုင်ငံနှင့် ဒီပီဝေါလ်ကုမ္ပဏီတို့ စာချုပ် ချုပ်ဆို

**ဒမတ်စကတ် ဇူလိုင် ၁၄**

ဆီးရီးယားနိုင်ငံသည် ပဋိပက္ခဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ရန်အတွက် တာတူးစ်ပင်လယ်ဆိပ်ကမ်းကို ပြန်လည်တည်ဆောက်ရန် ဒူဘိုင်းအခြေစိုက် ဒီပီဝေါလ်ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ဖြင့် သဘောတူစာချုပ်တစ်ရပ်ကို ယမန်နေ့က အပြီးသတ်ချုပ်ဆိုခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ သဘောတူစာချုပ်ကို ဆီးရီးယားသမ္မတ အာမက်အယ်လ်ရှာရာ၏ ရှေ့မှောက်တွင် ဇူလိုင် ၁၃ ရက်က ဒမတ်စကတ်မြို့၌ ဒီပီဝေါလ်နှင့် ကုန်းလမ်းနှင့် ရေကြောင်းဆိပ်ကမ်းများဆိုင်ရာ အထွေထွေအာဏာပိုင်အဖွဲ့တို့အကြား ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါ သဘောတူညီချက်သည် နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ခေတ်မီစေရန်အတွက် အဓိကခြေလှမ်းတစ်ရပ်ဖြစ်မည်ဟု ဆီးရီးယားအရာရှိများ မျှော်မှန်းသည်။

ဤမဟာဗျူဟာမြောက်လုပ်ဆောင်မှုက ကျွန်ုပ်တို့၏ ဆိပ်ကမ်းလုပ်ငန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများကို အားကောင်းစေလိမ့်မည်ဟု အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားကြောင်း သိရသည်။

**Mon**




## ကင်တူးကီပြည်နယ်ရှိ ဘုရားရှိခိုးကျောင်းတစ်ခုတွင် သေနတ်ပစ်ခတ် ဘလူးဂရက်စ်လေဆိပ်ပြင်ပတွင် ရဲများက သေနတ်သမားကို ပစ်သတ်နိုင်ခဲ့

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်ပြည်ထောင်စု ကင်တူးကီပြည်နယ်ရှိ ဘုရားရှိခိုးကျောင်းတစ်ခုတွင် သေနတ်သမားတစ်ဦးက အမျိုးသမီးနှစ်ဦးကို ပစ်သတ်ခဲ့ပြီး ဇူလိုင် ၁၃ ရက်က ဘလူးဂရက်စ်လေဆိပ်ပြင်ပတွင် ပြည်နယ်ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ပစ်ခတ်ဒဏ်ရာရစေခဲ့ရာမှ ရဲများက သေနတ်သမားကို ပစ်သတ်နိုင်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမျိုးသမီးနှစ်ဦးမှာ လက်စင်တန်မြို့ရှိ ရစ်ချ်မွန်လမ်း ဗတ္တိဇံဘုရားရှိခိုးကျောင်းတွင် အသတ်ခံခဲ့ရခြင်းဖြစ်ပြီး ထိုနေရာတွင် အမျိုးသားနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကာ တစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း လက်စင်တန် ရဲချုပ် လောရင့်စ်ဝဲလ်သားစ်က နေ့လယ်ပိုင်း သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

သံသယရှိသူသည် ဖေယက်တီစီရင်စုနယ်တွင် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၃၀ ခန့်က အဆိုပါလေဆိပ်အနီးတွင် ရပ်တန့်ခိုင်းခဲ့ရာ ရဲတပ်ဖွဲ့ဝင်ကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဝဲလ်သားစ်က ပြောကြားသည်။ ပစ်ခတ်မှုမှာ လေဆိပ်ပတ်လည်လမ်းမပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လေဆိပ်လုပ်ငန်းများနှင့် ဆက်စပ်မှုမရှိကြောင်း သိရ သည်။

**Mon**

0-0-0-0-0



## မျှော်မှန်းထားသည်ထက် ပိုမိုကြာမြင့်စွာ အတိုးနှုန်းနိမ့်ကျနေစေရန် ဂျပန် ဗဟိုဘဏ်အနေဖြင့် နိုင်ငံရေးဖိအားများကို ရင်ဆိုင်ရဖွယ်ရှိ

**တိုကျို ဇူလိုင် ၁၄**

ဂျပန် ဗဟိုဘဏ်အနေဖြင့် မျှော်မှန်းထားသည်ထက် ပိုမိုကြာမြင့်စွာ အတိုးနှုန်းနိမ့်ကျနေစေရန် နိုင်ငံရေးဖိအားများကို ရင်ဆိုင်ရဖွယ်ရှိသည်ဟု စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၂၀ ရက် ရွေးကောက်ပွဲအပြီးတွင် အခွန်လျှော့ချခြင်းနှင့် ငွေကြေးမူဝါဒဖြေလျှော့ခြင်းကို နှစ်သက်သည့် အတိုက်အခံပါတီများ အာဏာရရှိလာမည်ဟု မျှော်လင့်ရသည်။

ဝန်ကြီးချုပ် ရှီဂေးရုအီရှိဘာ၏ ညွန့်ပေါင်းအဖွဲ့အနေဖြင့် ပါလီမန်အထက်လွှတ်တော်တွင် အများစုနေရာ ဆုံးရှုံးနိုင်ကြောင်း ထင်မြင်ချက်စစ်တမ်းများက ဖော်ပြနေပြီး အကြောင်းအားလျော်စွာပင် ၎င်းတို့ကို ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများ ပိုမိုဖြေလျှော့ရန် တွန်းအားပေးနေသည့် အသေးစားပါတီများစွာကို စည်းရုံးရန် တွန်းအားပေးလိမ့်မည်။

အီရှိဘာ ဦးဆောင်သော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ အုပ်ချုပ်ရေးအဖွဲ့သည် ပိုမိုအာဏာရှိသော အောက်လွှတ်တော်တွင်ပင် လူနည်းစုဖြစ်နေပြီးဖြစ်ရာ လွှတ်တော်နှစ်ရပ်လုံးတွင် အလုပ်မဖြစ်မှုများ ဖြစ်ပေါ်လာပါက အတိုက်အခံပါတီများအကြား မူဝါဒဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ အချိုးမညီသော ဩဇာအာဏာများ ပေါ်ပေါက်လာနိုင်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလာဗရော့ဗ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့နှစ်ဦး တရုတ်နိုင်ငံ ပေကျင်းမြို့၌ ယမန်နေ့ကကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမတိုင်မီ သီးခြားတွေ့ဆုံကြစဉ်။ **Mon**



## စင်ကာပူနိုင်ငံစီးပွားရေး ပထမသုံးလပတ်ထက် တတိယသုံးလပတ်က တိုးတက်မှု ပိုမိုမြန်ဆန်သည်ဟု ဆို

**စင်ကာပူ ဇူလိုင် ၁၄**

၂၀၂၅ ခုနှစ် တတိယသုံးလပတ်တွင် စင်ကာပူစီးပွားရေးသည် ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယခုနှစ် ပထမသုံးလပတ်က ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်မှုထက် ပိုမိုမြန်ဆန်သည်ဟု ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဇူလိုင် ၁၄ ရက်နေ့ထုတ် ကနဦးခန့်မှန်းချက်များက အစီရင်ခံကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

သို့သော် အမေရိကန်ပြည်ထောင်စု၏ အခွန်စည်းကြပ်မှုဆိုင်ရာ ပေါ်လစီများအပေါ် ရှင်းလင်းပြတ်သားမှုမရှိခြင်းကြောင့် ယခုနှစ် ဒုတိယနှစ်ဝက်တွင် ကမ္ဘာ့စီးပွားရေး၌ သိသာထင်ရှားသော မရေရာမှုများနှင့် အနုတ်လက္ခဏာဆောင်သော စွန့်စားရမှုများ ကျန်ရှိနေသေးကြောင်း ထိုဝန်ကြီးဌာနက ထောက်ပြသည်။

ယင်းဝန်ကြီးဌာနသည် ယခုနှစ်အတွက် ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းတိုးတက်မှုရှိမည်ဟု ခန့်မှန်းထားခဲ့သည်။

အမေရိကန်၏ အခွန်စည်းကြပ်မှုများ၏ သက်ရောက်မှုကို စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများ ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကူညီရန် ဖွဲ့စည်းခဲ့သော စင်ကာပူ၏ စီးပွားရေးဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့က ယခုနှစ် အောက်တိုဘာလတွင် ကုမ္ပဏီများအတွက် ထောက်ပံ့ကြေးများ စတင်ချမှတ်ပေးမည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

**Mon**



## အက်ဆက်ခ်စ်နယ်ရှိ လန်ဒန်တောင်ပိုင်းလေဆိပ်တွင် လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့သည်ဟု ရဲတပ်ဖွဲ့ အတည်ပြု

**လန်ဒန် ဇူလိုင် ၁၄**

ဗြိတိန်နိုင်ငံ အင်္ဂလန်တောင်ဘက် အရှေ့ပိုင်းကမ်းရိုးတန်း အက်ဆက်ခ်စ်နယ်ရှိ လန်ဒန်တောင်ပိုင်းလေဆိပ်တွင် ဇူလိုင် ၁၃ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့သည်ဟု ရဲတပ်ဖွဲ့က အတည်ပြုပြီးနောက် နောက်ထပ်အကြောင်းကြားစာ ထပ်မံမရမချင်း လုပ်ငန်းလည်ပတ်မှုများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရဲတပ်ဖွဲ့၊ အရေးပေါ်ဝန်ဆောင်မှုပေးသူများနှင့် လေယာဉ်မတော်တဆမှု စုံစမ်းစစ်ဆေးသူများက အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိနေစဉ် အဆိုပါလေဆိပ်သို့ အဝင်အထွက် လေယာဉ်ခရီးစဉ်များအားလုံး ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း လန်ဒန်တောင်ပိုင်း လေဆိပ်က ၎င်းတို့၏ အိတ်ခ်စ်လူမှုကွန်ရက် စာမျက်နှာတွင် ဖော်ပြထားသည်။

ဒေသခံ အက်ဆက်ခ်စ်ရဲတပ်ဖွဲ့ကမူ လန်ဒန်တောင်ပိုင်းလေဆိပ်တွင် ဖြစ်ပွားသော ပြင်းထန်သည့် မတော်တဆမှုဖြစ်စဉ်နေရာတွင် မိမိတို့ ဆက်လက်ရှိနေဆဲဖြစ်သည်ဟု ထုတ်ဖော်ကြေညာပြီး ညနေ ၄ နာရီမတိုင်မီကပင် ၁၂ မီတာရှည်သော လေယာဉ်တစ်စင်း ပါဝင်သည့် မတော်တဆမှုဖြစ်ပွားခဲ့သည်ဟု သတင်းပေးပို့မှုများ ရရှိခဲ့ကြောင်း သိရသည်။

**Mon**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**သရက် ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၈ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုးကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၈ မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်း နှစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးနှင့် ရွှေဘိုမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခြောက်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Toyoace Light Truck တစ်စီး၊ Mitsubishi Canter Truck တစ်စီး၊ Foton Light Truck တစ်စီး၊ စက်မှုဇုန်ထုတ် KO Light Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုဆောင်ရွက်ခဲ့ရာ မြဝတီမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဘိုကလေး(၄)လမ်း၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း လေးမျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*




## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တာချီလိတ် ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ယာဉ်လမ်းအန္တရာယ်ကင်းဝေးစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ရည်ရွယ်၍ အမှတ် (၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တာချီလိတ်)မှ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၁ နာရီက အခြေခံပညာအထက်တန်းကျောင်း (ဟောင်လိတ်)၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တာချီလိတ်)တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အေးမင်းအောင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကျောင်းသား၊ ကျောင်းသူများ သိသင့်သိထိုက်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာကြစေရန်၊ ယာဉ်မတော်တဆမှုများ လျှော့နည်းကျဆင်းစေရန် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အကျယ်တဝင့် ရှင်းလင်းဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အမှတ် (၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တာချီလိတ်)မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိညာပေး ဟောပြောပွဲများကို ဇူလိုင် ၁၄ ရက်မှ စက်တင်ဘာ ၉ ရက်အထိ တာချီလိတ်မြို့နယ်အတွင်း ကျန်ရှိနေသည့် အခြေခံပညာအထက်တန်းကျောင်းများနှင့် ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် တစ်ပတ်လျှင် တစ်ကျောင်းနှုန်းဖြင့် ဟောပြောပွဲများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

## စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၁၄**

မြို့နယ်အချို့၌ ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်က လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် ညနေ ၄ နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်ရှိ ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် စစ်ကိုင်းမြို့၊ ရွှေသမားရပ်ကွက်နေသူများဖြစ်ကြသည့် ဦးဝေ(၆၀)နှစ်အား LUOJIA အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးနှင့် အောင်ကိုကို (၄၅)နှစ်အား SUPERANBO အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း၊ အလားတူ ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်၊ရွှေဘို-ရေဦး သွားကားလမ်းပေါ်၌ အမှတ် (၁၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရွှေဘိုမြို့နယ်၊ ရွာတော်ကျေးရွာနေ ရဲဝင်းနိုင်(ခ)ဦးပိုး (၄၅)နှစ်အား CA-NDA အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်ကျေးရွာအတွင်း၌ ဘီးလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ် စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆိုပါကျေးရွာနေ နေအောင်(၃၉)နှစ်အား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကတ္တန်ကျေးရွာအတွင်း၌ ဇင်းကျိုက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆိုပါကျေးရွာနေ မျိုးမြင့်အောင်(၂၄)နှစ်အား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ဈေးတန်းရပ်ကွက်၊ မီးသတ်လမ်းဆုံ မီးပွိုင့်နေရာ၌ တမူးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် တမူးမြို့၊ စော်ဘွား(၁)ရပ်ကွက်နေ ဝေယံဖြိုး (၃၁)နှစ်အား Jialing Super Cup အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် ၄င်းတို့ခြောက်ဦးအား သက်ဆိုင်ရာရဲစခန်းများ၌ ပို့ကုန် သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





# အိုဘယ့်ချင်းမိုင်(၆)

**'ဘုရားဖြူမှသည်'**

ကျွန်တော်သည် ဘုရားဖြူမှ နောက်တစ်နေရာသို့ မသွားမီ အချိန်အနည်းငယ်ရသေးသည်နှင့် ဘုရားသမိုင်းပြတိုက် (The Ganesha Exibition Hall) အတွင်းသို့ ဝင်ရောက်လေ့လာခဲ့သည်။ ထိုအခါ အင်္ဂလိပ်ဘာသာနှင့် ရေးထားသော ဘုရားသမိုင်းမှ အောက်ဖော်ပြပါအကြောင်းအချက်တို့ကို သိရှိခွင့်ရခဲ့ပါသည်။

၁။ ဘုရားကျောင်းတော်ကို အဖြူရောင်သင်္ကန်းဖြင့် ပူဇော်ရခြင်းမှာ ကိလေသာရန်အပေါင်းမှ ဝေးကွာ၍ သန့်ရှင်းစင်ကြယ်သော မြတ်ဗုဒ္ဓကို ရည်ညွှန်း၍ ပူဇော်ခြင်းဖြစ်သည်။

၂။ ကြေးမုံမှန်တို့ဖြင့် တန်ဆာဆင်ရခြင်းမှာ စကြဝဠာတိုက်တစ်သောင်း၌ ထွန်းလင်းတောက်ပသော မြတ်ဗုဒ္ဓ၏ ဉာဏ်တော်ကို ရည်ညွှန်း၍ ပူဇော်ခြင်းဖြစ်သည်။

၃။ နိဗ္ဗာန်တံတားကို ထည့်သွင်းတည်ဆောက်ရခြင်းမှာ ဝေနေယျသတ္တဝါအပေါင်းတို့သည် သံသရာမှ လွတ်မြောက်၍ မဂ္ဂင်လမ်း (မဂ္ဂင် ရှစ်ပါးကျင့်စဉ်)ဖြင့် သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ကူးရန် ဖြစ်သည်။

၄။ နိဗ္ဗာန်တံတားရှေ့ရှိ စက်ဝိုင်းငယ်ကမူ လူ့လောကကမ္ဘာကို ရည်ညွှန်းကြောင်း ဆိုထားသည်။

၅။ စက်ဝိုင်းကြီးမှာမူ လူတို့၏ပြင်းပြသောစိတ်ဆန္ဒသည် မကောင်းမှု၌ မွေ့လျော်ပုံနှင့်

၆။ လက်တို့သာ ရေပြင်ပေါ် ဖော်ထားသောရေကန်ကြီးမှာ သတ္တဝါတို့ ငရဲ၌ ခံစားနေရပုံကို ရည်ညွှန်းကြောင်း ဆိုပါသည်။

ထိုအချိန်၌ပင် 'အားလုံးခရီးဆက်ကြမယ်'ဟု ခရီးစဉ်ကို ဦးဆောင်သူ မသူ၏အသံ ထွက်ပေါ်လာပါသည်။ အချိန်က မွန်းလွဲ ၂ နာရီရှိပါပြီ။ ကျွန်တော်တို့ လေ့လာရေးအဖွဲ့သားများအားလုံး ဘုရားကျောင်းရှေ့ လမ်းမဘေး၌ ရပ်ထားသော မိမိတို့နှင့်ဆိုင်ရာ ကားအသီးသီးဆီသို့ လျှောက်ခဲ့ကြသည်။ နေရာတကာ ကဲသော ရွှေမိတို့အုပ်စုမှာ ဘုရားကျောင်းရှေ့ လမ်းတစ်ဖက်ခြားသော ဈေးတန်းမှ သူတို့စီးရမည့် ကားဆီသို့ ခပ်သွက်သွက် လှမ်းလာနေသည်ကို မြင်တွေ့နေရသည်။ ရာသီဥတုက သာယာနေသည်။ ကြည်လင်နေသော အပြာရောင်မိုးကောင်းကင်အောက်တွင် အဖြူရောင် တိမ်စိုင်များက ဟိုတစ်စု၊ ဒီတစ်စု။

**'ပြုံးနေသောခြင်္သေ့၊ နတ်သမီးတိုင်းပြည်နှင့် အပြာရောင်ဘုရား'**

ကျွန်တော်တို့ ယဉ်ကျေးမှုနှင့် ဒေသန္တရလေ့လာရေးအဖွဲ့ စီးလာသော ဟိုင်းအေ့ကားများသည် ကားမောင်းချိန် မိနစ် ၃၀ အကြာ၌ ပြုံးနေသောခြင်္သေ့ရုပ်တုရှိရာ SINGHA မြက်ခင်းပြင်ရှေ့သို့ ရောက်လေသည်။ အစိမ်းရောင်ကမ္ဗလာခင်းထားသည့်အလား ကျယ်ပြန့်သောမြက်ခင်းပြင်အလယ်ရှိ ပြုံးနေသောခြင်္သေ့ရုပ်တုသည် ကျွန်တော်တို့အား ဖျော့တော့သောနေခြည်အောက်တွင် နွေးထွေးစွာ ကြိုဆိုနေလေသည်။

ဤနေရာ၌ မြေပြင်၏သဏ္ဌာန်ကား အဝကျယ်သော ဒယ်အိုးကို မှောက်ထားသကဲ့သို့ ရှိလေသည်။ မြက်ခင်းပြင်၏အလယ် မို့မောက်သောနေရာတွင် ခြင်္သေ့ရုပ်ကို အင်္ဂတေဖြင့် ထုလုပ်ထားသည်ဖြစ်ရာ ဝန်းကျင်လေးဘက်လေးတန်မှ ရွှေအိုရောင်အဆင်းရှိသော ခြင်္သေ့ရုပ်တုကို ထင်ရှားစွာ တွေ့မြင်ရလေသည်။ ရုပ်တု၏ဟန်မှာ ပါးစပ်ဟ၍ မျက်နှာက ပြုံးနေပြီး ညာလက်ကို ထောက်၊ ဘယ်ဘက်လက်ကိုမြှောက်ကာ ကနေသည့်ဟန် ပေါ်လွင်နေသည်။

**'ထင်ရှားသောအမှတ်တံဆိပ်'**

ဤခြင်္သေ့ရုပ်တုဟန်ကား ထိုင်းတို့၏ထင်ရှားသော SINGHA ဘီယာ ကမ္ဘာကျော် ကုန်အမှတ်တံဆိပ်ဖြစ်လေသည်။ လွန်ခဲ့သော ၂၅ နှစ်ခန့်က ကျွန်တော်သည် ရှမ်းအရှေ့ဒေသ၌ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရင်း ထိုကုန်အမှတ်တံဆိပ်နှင့် ရင်းနှီးခဲ့ရသည်။ 'တစ်ခါက ကျွန်တော်သည် ကျိုင်းတုံမြို့ တွဲဖက်ပြည်နယ်ပညာရေးရုံးမှ ရုံးအုပ်ကြီးနှင့်အတူ ကျိုင်းတုံလေဆိပ်စားသောက်ခန်းမ၌ ကျိုင်းတုံ-ရန်ကုန်ခရီးစဉ် လေယာဉ်ကို ထိုင်စောင့်ရင်း SINGHA တစ်ဘူးစီနှင့် ငြိမ့်ခဲ့သည်ကို အမှတ်ရနေမိသည်'။

(စကားချပ်)ထိုအချိန်ကပင် SINGHA ဘီယာသည် ရှမ်းအရှေ့မြို့ရွာဒေသများ၌ အသုံးများသော ဘီယာအဖြစ်တွင် ကျယ်ခဲ့လေသည်။

ကျွန်တော်တို့အဖွဲ့သည် ကားလမ်းမှပင် မြက်ခင်းပြင်ကို ဖြတ်လျှောက်ကာ ခြင်္သေ့ရုပ်တုရှိရာသို့ သွားကြသည်။ မြေပြင်သဏ္ဌာန်မှာ မှောက်ထားသော ဒယ်အိုးပေါ်သို့ တက်ရသလိုရှိသဖြင့် ခန္ဓာကိုယ်ကို အနည်းငယ်ရှေ့သို့ ကိုင်းကာ လျှောက်ရလေသည်။ တစ်ပြခန့် လျှောက်မိသွားသောအခါ ခြင်္သေ့ရုပ်တုရှိရာအနီးသို့ ရောက်လေပြီ။

ထိုအခါ နွေဦးကာလ လေရူးကလေးသည် မိုးနံ့ကို သယ်ဆောင်ကာ ကျွန်တော်တို့ ခရီးသွားတစ်သိုက်ကို ပွတ်သပ်ချော့မြူနေလေသည်။

ကျွန်တော်သည် မိုးနံ့ပါသောလေကို တဝရှူရှိုက်နေစဉ် ကိုဆံရှည်က အားလုံးပါဝင်သော မှတ်တမ်းဓာတ်ပုံရိုက်မည်ဟု အော်ခေါ်သဖြင့် ကျွန်တော်လည်း အများရောက်နှင့်နေပြီဖြစ်သော ခြင်္သေ့ရုပ်တုအနီးသို့ အားစိုက်၍ လျှောက်ခဲ့သည်။ ခြင်္သေ့ရုပ်တုကား ဘယ်လက်ကိုထောက် ညာလက်ကိုမြှောက်၍ ပါးစပ်ဟကာ ပြုံးနေသည့်ဟန် ဖြစ်လေသည်။ ထိုအနေအထားကို နောက်ခံပြုလျက် ကျွန်တော်တို့အဖွဲ့ ဓာတ်ပုံရိုက်ကြသည်။ တချို့က တစ်ဦးချင်းရိုက်သလို ဗီဒီယိုလည်း ဆွဲကြသည်။

ကျွန်တော်သည် မနီးမဝေးရှိ မြက်ခင်းပြင်အစပ်က နှစ်ရှည်ပင်ကြီးများကို တငေးတမော မျှော်ကြည့်မိသည်။ SINGHA ဥယျာဉ်သည် ကျွန်တော်တို့ မြန်မာနိုင်ငံ ပြင်ဦးလွင်မြို့ရှိ ရက္ခဗေဒဥယျာဉ်ကဲ့သို့ ကျယ်ဝန်း၍ ယခုတွေ့မြင်နေရသော နှစ်ရှည်ပင်ကြီးများနှင့်အတူ သစ်ခွ၊ ကြက်မောက်၊ ဒေလီယာ စသည့် အမျိုးအစားစုံလင်သော ပန်းစိုက်ခင်းနှင့် ပန်းမျိုးစိတ်များကို ထိန်းသိမ်းထားကြောင်း၊ နှစ်စဉ် ဖေဖော်ဝါရီ ၁၅ ရက်ဝန်းကျင်တွင် ဥယျာဉ်အထိမ်းအမှတ် အရောင်အသွေးစုံလင်သော မီးပုံးပျံပွဲတော်ကို ကျင်းပကြောင်း ခရီးစဉ်ကို ဦးဆောင်သူ မသူက ပြောပြပါသည်။

ကျွန်တော်တို့သည် ရုပ်တုတည်ရှိရာ မြက်ခင်းပြင်မှ လမ်းမကြီးဘေးရှိ မိမိတို့ကားများ ရပ်ထားသည့်နေရာသို့ ပြန်ဆင်းလာကြသည်။ ထိုစဉ် ဘောလုံးအသင်းတစ်သင်းဟုယူဆရသော လူငယ်တစ်စုသည် ဥယျာဉ်ဘက်ဆီသို့ ပြေးသွားနေသည်ကို တွေ့မြင်ရလေသည်။

**'နတ်သမီးဥယျာဉ်(သို့မဟုတ်)Lalita Cafe''**

ကျွန်တော်တို့သည် စိမ်းလန်းသော SINGHA မြက်ခင်းပြင်ကို မျက်စိတစ်ဆုံး ပြန်လည်ငေးမောရင်း ချင်းရိုင်မြို့၏နတ်သမီးဥယျာဉ်ဟု တင်စားခံရသော Lalita Cafe' သို့ ခရီးဆက်ခဲ့ကြသည်။ လမ်းဘေးဝဲ၊ ယာ မြို့ပြဝန်းကျင်ကို မျက်စိကစားရင်း ကားမောင်းချိန် တစ်နာရီခန့်ကြာသောအခါ နာမည်ကျော် Lalita Cafe' ဆိုင်ရှေ့သို့ ရောက်ပါပြီ။ ကားပေါ်မှဆင်း၍ ဥယျာဉ်အဝသို့ ရောက်သောအခါ ကျောက်သားဖြင့် တည်ဆောက်ထားသော ဆိုင်းဘုတ်ပေါ်တွင် ဆိုင်နာမည်နှင့် ကြိုဆိုပါ၏ အမည်ရစာတန်းကို ထိုင်းဘာသာ၊ အင်္ဂလိပ်ဘာသာတို့နှင့် ရေးထိုးထားလေသည်။

ထိုကျောက်တိုင်ကွေးနှစ်ခုနောက်ဘက်တွင် ဥယျာဉ် Cafe' ဆိုသည့်အတိုင်း သစ်ပင်ကြီးငယ်ရေတံခွန်နှင့် ပန်းမျိုးစုံတို့ ဖူးပွင့်နေသည်ကို လှမ်းမြင်နေရသည်။ ဥယျာဉ်အဝကျောက်တိုင်ကွေးနှစ်ခု၏ အပေါ်ဘက်တွင် မြန်မာနိုင်ငံမှ ပုသိမ်ထီးကဲ့သို့သော ထီးများကို ဝါ၊ စိမ်း၊ နီ၊ ပြာ ရောင်စုံ အချိုးအစားကျနစွာ တန်းစီချိတ်ဆွဲထားလေသည်။

ဥယျာဉ်အတွင်းသို့ အလကားဝင်၍မရ။ မသူက အားလုံးအတွက် ဂိတ်ဝတွင် ကူပွန်ဖြတ်ကာ ကျွန်တော်တို့ကို တစ်ယောက်တစ်စောင်စီ ပေးလေသည်။ ကူပွန်ကိုကြည့်လိုက်သည့်အခါ လူကြီးတစ်ယောက် ဘတ် ၆၀ တဲ့။ သို့သော် ဥယျာဉ်အတွင်း နှစ်သက်ရာ အစားအသောက် တစ်မျိုးကို မှာစားနိုင်ရန် အမ်းငွေ ဘတ် ၃၀ (Discount) ပေးထားသည်။ ဥပမာ-သင်က ဥယျာဉ်ထဲက ဆိုင်တွင် ဘတ် ၅၀ တန် အစားအစာတစ်မျိုးကို မှာယူသည်ဆိုပါက ဘတ် ၂၀ ထပ်ပေးရန် ဖြစ်သည်။

ဥယျာဉ်အတွင်းသို့ ဝင်လိုက်ရသည်နှင့် သိသာထင်ရှားသော အအေးဓာတ်ကို ရလေသည်။ အမျိုးအစားစုံသော သစ်ပင်ကြီးများက နေမထိုးအောင် သဘာဝထီးသဖွယ် ကာမိုးထား၏။ ဥယျာဉ်အတွင်းမှ သဘာဝကျောက်တောင်နှင့် ရေတံခွန်တို့သည် တဝေါဝေါ အသံပေးလျက် အသွယ်သွယ်ဖြာကျနေ၏။ ရေတံခွန်တို့နှင့်အတူ လူတို့ဖန်တီးထားသော အခိုးအငွေ့များနှင့် သဘာဝရေမှုန်ရေမွှားတို့ ပေါင်းစပ်ကာ နတ်တို့၏ သင်းပျံ့လှိုင်ကြူ နန္ဒမူဥယျာဉ်ထဲ ရောက်နေသည့်အလား ထင်မှတ်မှားရ၏။ နှစ်ရှည်ပင်ကြီးများအပြင် အုန်းမျိုးစိတ်ဝင်အပင်များ၊ မုန်တိုင်ပင်များ၊ အကွက်ကျကျ ဖန်တီးထားသောဝါးရုံများ၊ ပိန္နဲ၊ တညင်း စသော နှစ်ရှည်ပင်များနှင့်အတူ မြေပြင်တွင် လှပသော ရောင်စုံပန်းပင်များ၊ ပိန်းပန်းနွယ်ဝင်အပင်များ၊ ဂမုန်းပင်များ၊ နှစ်ရှည်ပင်များတွင် တွယ်ကပ်နေသော သစ်ခွပန်းများနှင့် ထားဝယ်မှိုင်းကဲ့သို့သော နွယ်ပန်းပင်တို့သည် ဥယျာဉ်၏ လှပတင့်တယ်မှုကို သာမက ဝင်လာသော ဧည့်သည်များကို သင်းပျံ့သောရနံ့များ



ချင်းရိုင်မြို့ Singha Park ရှိ ခြင်္သေ့ရုပ်တုနှင့် မြက်ခင်းပြင်။

ပေးကြလေ၏။

ဥယျာဉ်အတွင်း၌ ဖြောင့်တန်းသော လမ်းကလေးများနှင့်အတူ မြွေလိမ်မြွေကောက်လမ်းကလေးများလည်း ရှိ၏။ ထိုလမ်းကလေးများ၏ တံတားအောက်မှလည်းကောင်း၊ နံဘေးမှလည်းကောင်း စနစ်တကျ စီမံထားသော မြောင်းကလေးများမှ ရေတို့သည် တသွင်သွင်စီးဆင်းလျက်ရှိ၏။ ကျွန်တော်၏ စိတ်အထင် ၁၅ ဧကမက ကျယ်ဝန်းသော ဤ Cafe' ဥယျာဉ်အတွင်း၌ ခေတ်မီဆန်းသစ်သော ဘန်ဂလိုများစွာကိုလည်း တည်ဆောက်ထား၏။ အချို့မှာ နှစ်ထပ် ဖြစ်လေသည်။ အချို့မှာ ခေတ်မီရုံမက ခိုင်ခံ့၏။

နတ်တို့၏ ဥယျာဉ်နှင့်တူလှသော ဤ Cafe' ဥယျာဉ်အတွင်းကျား၊ မအရွယ်စုံ၊ ဖို့ဖို့အိုအို၊ နိမ့်နိမ့်မြင့်မြင့်၊ ပုပုဝဝ၊ ပိန်ပိန်ရှည်ရှည် မှန်သမျှတို့သည် အထူးသဖြင့် အမျိုးသမီးငယ်များသည် ခေတ်မီဆန်းပြားသော အဝတ်အထည်များကို ဝတ်ဆင်ကြလျက် အရည်အသွေးကောင်းမွန်သော ခေတ်မီအလှအပပစ္စည်းများ၊ မိတ်ကပ်တို့၏ အစွမ်းဖြင့် မိမိတို့၏မျက်နှာနှင့် ကိုယ်လုံးတို့ကို ကြွေရုပ်ကလေးများနှင့်တူအောင် ဖန်တီးခြယ်သကြလျက် အချို့သောမိန်းကလေးငယ်တို့မှာ သူယောင်မယ်များအလား ဆန့်ကျင်ဘက်ပုရိသများ၊ အသက်ရှူမှားလောက်အောင် ဝတ်စားဆင်ယင်ကြလျက် ထို့အပြင် ငယ်ရွယ်သော ချစ်သူစုံတွဲတို့သည် ဒွိယံ ဒွိယံတွဲကာ ပန်းခင်းသောလမ်းကလေးကိုလျှောက်ရင်း သာယာသောစမ်းချောင်းကလေး၏ ရေစီးသံကို နားဆင်လျက်။

Cafe' ဥယျာဉ်အတွင်း ဝင်ရောက်လာသူတို့သည် ကိုယ့်အုပ်စုနှင့်ကိုယ် ဓာတ်ပုံတဖျပ်ဖျပ်၊ ဗီဒီယိုအလီလီ ဆွဲကြလျက် ကိုယ်စီအလုပ်ရှုပ်နေကြ၏။ ထို့အတူ ကျွန်တော်တို့အုပ်စုမှ လေးဆယ်ကျော်မမများ၊ အန်တီကြီးများပင်လျှင် သူတို့ကိုယ်သူတို့ အသက်ခေါက်ချိုးငယ်သွားသည်ဟု ထင်ကြလေသလား၊ ပန်းချုံများကြားလမ်းလျှောက်၍တစ်သွယ်၊ ရေတံခွန်များကို နောက်ခံပြု၍တစ်ဖုံ၊ အိမ်အပြန်၊ အိမ်ကချစ်သူမောင်တို့ကို ကြွားလုံးထုတ်ရန်အတွက်ပင်လော၊ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်လို့မဆုံး။ ဗီဒီယိုတွေဆွဲလို့မဆုံး။ ခြောက်ဆယ်ကျော် ကျွန်တော်ပင် ငယ်ဘဝ ကုံကော်တောကျောင်းသားဘဝကို အမှတ်ရကာ ဓာတ်ပုံနှင့် ဗီဒီယိုနှစ်ကွက်၊ သုံးကွက်ခန့် မှတ်တမ်းတင်မိလေသည်။

ဥယျာဉ်အတွင်း လည်ပတ်ပြီးနောက် ကျွန်တော်၊ ကိုကျော်နိုင်ဝင်း၊ ကိုဆံရှည်နှင့် ကိုဘရောင်းတို့သည် ရေတံခွန်အနီးရှိ နှစ်ထပ်ဘန်ဂလိုတစ်ခုတွင် ကော်ဖီ၊ ပူတင်း၊ ရေခဲမုန့် စသည့် မိမိနှစ်သက်ရာ အစားအစာများကို မှာယူကြလေသည်။ ဥယျာဉ်အတွင်း ပျားပန်းခပ်မျှ ဧည့်သည်များသော်လည်း စားပွဲထိုးကလေးတို့မှာ ဝန်ဆောင်မှုကောင်းကြပါပေ၏။ မကြာမီ မှာယူသောအစားအစာများလည်း ရောက်ရှိလာသည်။ ထူးခြားသည်မှာ မလှမ်းမကမ်းရှိ နှစ်ရှည်ပင်ကြီးတစ်ပင်၏ သစ်ကိုင်းထက်မှ ဥဩငှက်ကလေးသည် ဥဩ…ဥဩဟု ဆွေးဆွေးမြေ့မြေ့တွန်ကျူးနေလေသည်။ ကျွန်တော့်စိတ်ထဲတွင်မူ…

ဩော်……နိုင်ငံမခြား၊ နယ်စည်းမခြား လွမ်းမောဖွယ် ကရုဏာသံကို ပေးနေသည့် အလွမ်းငှက်ကလေးတစ်ကောင်ပါလားရယ်လို့……။

**သန်းစိုးအောင်**




## ကာဇိုလာ အိုဗီယေဒိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဇူလိုင် ၁၄**

စပိန်လာလီဂါတန်းတက်ကလပ် အိုဗီယေဒိုအသင်းသည် အသင်းဝါရင့် ကွင်းလယ်ကစားသမား ကာဇိုလာအား တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။**(အောက်ယာပုံ)**

အဆိုပါ ကွင်းလယ်ကစားသမားသည် အိုဗီယေဒိုအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၁ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၄၀)နှစ်အရွယ်ရှိ ကာဇိုလာက 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုး စာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းကို လည်း လာမယ့် ဘောလုံးရာသီ စပိန်လာလီဂါမှာ ရလဒ်ကောင်းတွေ ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။ **(NGB)**





## ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ချန်ပီယံဆုကို ချဲလ်ဆီးအသင်း ထိုက်ထိုက်တန်တန် ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၄**

၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ချဲလ်ဆီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချဲလ်ဆီးအသင်းက ပီအက်စ်ဂျီအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ချဲလ်ဆီးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂၂မိနစ်နှင့် ၃၀မိနစ်တွင် ကိုလ်ပါလ်မာ၊ ပွဲချိန် ၄၃မိနစ်တွင် ဂျာအိုပတ်ဒရိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ချဲလ်ဆီးအသင်းထုတ်ပြန်ချက်တွင် '၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အကောင်းဆုံး ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်'ဟုထုတ်ပြန်သည်။ **(အပေါ်ပုံ) (NGB)**

## 2025 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jannik Sinner ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၄**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ်ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2025 Wimbledon တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz အား ၄-၆၊ ၆-၄၊ ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ Jannik Sinner က 'ကျွန်တော် အခုလို 2025 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်နိုင်ငံအတွက်လည်း အကောင်းဆုံး ဂုဏ်ဆောင်နိုင်ခဲ့ပါပြီ'ဟု ပြောသည်။ **(အောက်ပုံ)(NGB)**



## ဂျွန်ဗစ်တာအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်

**မန်ချက်စတာ ဇူလိုင် ၁၄**

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းဂိုးသမား အိုနာနာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘိုတာဖိုဂိုအသင်းဂိုးသမား ဂျွန်ဗစ်တာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဂိုးသမား ဂျွန်ဗစ်တာသည် ဘိုတာဖိုဂိုအသင်းနှင့်အတူ ၂၀၂၄မှ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ပွဲပေါင်း ၈၀ ကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဂိုးသမား ဂျွန်ဗစ်တာကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘိုတာဖိုဂိုအသင်းထံမှ ဂျွန်ဗစ်တာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။**(အောက်ပုံ)** **(NGB)**



## အန်ဒီကာရိုးလ်အား Dagenham & Redbridge အသင်းခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၄**

National League South ကလပ် Dagenham & Redbridge အသင်းသည် လီဗာပူးအသင်းနှင့် ဝက်စ်ဟမ်းအသင်းဝါရင့်တိုက်စစ်မှူးဟောင်း အန်ဒီကာရိုးလ်အား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဝါရင့်တိုက်စစ်မှူးသည် Dagenham & Redbridge အသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး အန်ဒီကာရိုးလ်သည် ကစားသမားဘဝတစ်လျှောက်တွင် နယူးကာဆယ်၊ လီဗာပူး၊ ဝက်စ်ဟမ်း၊ ပရက်စတန်၊ ရီဒင်း၊ ဘော်ဒိုး စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားပြီး အောင်မြင်မှုများ ရယူထားနိုင်ခဲ့ဖူးသည်။

ထို့ကြောင့် အသက်(၃၆)နှစ်အရွယ်ရှိ အန်ဒီကာရိုးလ်အနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် Dagenham & Redbridge အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်ဦးမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**



## ဝက်ကင်းစ်အား ခေါ်ယူရန် နယူးကာဆယ်အသင်းနှင့် အယ်လ်ဟီလာအသင်းတို့ အပြိုင်ကမ်းလှမ်း

**လန်ဒန် ဇူလိုင် ၁၄**

နယူးကာဆယ်အသင်းနှင့် အယ်လ်ဟီလာအသင်းတို့သည် အက်စတွန်ဗီလာအသင်းတိုက်စစ်မှူး ဝက်ကင်းစ်အား ခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့ကြသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဝက်ကင်းစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အက်စတွန်ဗီလာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၄ပွဲကစားပြီး ၁၇ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းနှင့် အယ်လ်ဟီလာ အသင်းတို့က ခေါ်ယူရန် ကမ်းလှမ်းလာခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်းကလည်း ဝက်ကင်းစ်၏ စာချုပ်မှာ ၂၀၂၈ခုနှစ်အထိ ကျန်ရှိနေသေးသော်လည်း ၎င်းအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဝန်းကျင်ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းနှင့် အယ်လ်ဟီလာအသင်းတို့အနေဖြင့် မည်သည့်အသင်းက အက်စတွန်ဗီလာအသင်းထံမှ ဝက်ကင်းစ်အား လက်ဦးမှု ရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**



## အယ်လ်ဟာဂျီမာလစ်ခ်ဒီအော့ဖ်ကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဇူလိုင် ၁၄**

ဝက်စ်ဟမ်းအသင်းသည် ဆလားဗီးယားပရက်အသင်း နောက်ခံကစားသမား အယ်လ်ဟာဂျီမာလစ်ခ်ဒီအော့ဖ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လာမည့်တစ်ပတ်အတွင်း ဝက်စ်ဟမ်း အသင်းနှင့်အတူ ဆေးစစ်မှုခံယူကာ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

နောက်ခံကစားသမား အယ်လ်ဟာဂျီမာလစ်ခ်ဒီအော့ဖ်သည် ဆလားဗီးယားပရက် အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၉ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ဝက်စ်ဟမ်းအသင်းသည် လာမည့်ဘောလုံးရာသီကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်များ ထပ်မံခေါ်ယူအားဖြည့်သွားဦးမည်ဖြစ်သည်။ **(NGB)**



## ၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များထွက်ပေါ်

**လန်ဒန် ဇူလိုင် ၁၄**

၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နော်ဝေအသင်းနှင့် အီတလီအသင်း၊ ဆွီဒင်အသင်းနှင့် အင်္ဂလန်အသင်း၊ ဂျာမနီအသင်းနှင့် ပြင်သစ်အသင်း၊ စပိန်အသင်းနှင့် ဆွစ်ဇာလန် အသင်းတို့ အသီးသီး တွေ့ဆုံလျက်ရှိသည်။

၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို လာမည့် ဇူလိုင် (၁၇၊ ၁၈၊ ၁၉၊ ၂၀)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးရန် ဂျာမနီအသင်းက ရေပန်းစားလျက်ရှိသည်။

**(အောက်ပုံ)**
**(NGB)**



### အရှေ့တောင်အာရှ ချန်ပီယံရှစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၁၅-၇-၂၀၂၅ အင်္ဂါနေ့ | ညနေ ၄း၃၀နာရီ | A | မလေးရှား - ဖိလစ်ပိုင် |
| ။ | ည ၇း၃၀နာရီ | A | အင်ဒိုနီးရှား - ဘရူနိုင်း |

# မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်စပါးမျိုးစေ့ချ စိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြ



**ကျိုင်းတုံ ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်စပါး မျိုးစေ့ချစိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲကို ဇူလိုင် ၁၂ ရက်က ကျိုင်းတုံစိုက်ပျိုးရေးသုတေသနခြံတွင် ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှဝင်းက မိုးစပါးစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ကျိုင်းတုံသုတေသနခြံမှ လက်ထောက်သုတေသန အရာရှိ ဒေါ်ယဉ်မာခိုင်က တိုက်ရိုက်မျိုးစေ့ချနည်းစနစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အချိန်နှင့်လုပ်အားခ သက်သာပြီး လယ်ယာလုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်သည့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်စပါးမျိုးစေ့ချ စိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြဆောင်ရွက်ရာ ပြည်နယ် အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေနှင့် တာဝန်ရှိသူများ၊ ဒေသခံ စပါးစိုက်တောင်သူများက ကြည့်ရှုအားပေးလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဘာဝဘေးကြုံတွေ့မှုများအတွက် စိတ်လူမှုထောက်ပံ့ရေး Psychological First Aid Training သင်တန်းပို့ချ

**မန္တလေး ဇူလိုင် ၁၄**

KBZ Center Mandalay နှင့် Rotary Club Metro Yangon ၊ ရှမ်းတောင်ပရဟိတ ညီနောင်များ ကွန်ရက်တို့ပူးပေါင်း၍ သဘာဝဘေးကြုံတွေ့မှုများအတွက် စိတ်လူမှုထောက်ပံ့ရေး Psychological First Aid Training သင်တန်းကို ဇူလိုင် ၁၂ရက်နှင့် ၁၃ရက်က ချမ်းမြသာစည် မြို့နယ်ရှိ KBZ Center Mandalay သင်တန်းခန်းမတွင် ကျင်းပသည်။

သင်တန်းကို ငလျင်အပြီး စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားခဲ့ရသော ရပ်ရွာလူထုအတွက် ပံ့ပိုးကူညီရန် စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုစုခြင်းအား ပြန်လည်မျှဝေပေးနိုင်မည့် စေတနာ့ဝန်ထမ်းများ ပေါ်ပေါက်လာစေရန်၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများအား လျှော့ချနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ နှစ်ရက်တာ သင်တန်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စိတ်ပညာဆိုင်ရာပညာရှင်များ၊ Rotary Club Metro မှ ပညာရှင်များက သင်တန်းပို့ချပေးခဲ့သည်။ သင်တန်းသို့ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ရပ်ရွာလူမှုရေးအသင်းအဖွဲ့များမှ စိတ်ဝင်စားသူ ၅၂ ဦး တက်ရောက်ကြပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။




**(အပေါ်ပုံ)**

**(ဝ၄၅)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

**မြို့သစ် ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (Pfizer – JN.1) စုပေါင်းထိုးနှံပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက အသက် ၁၈နှစ်အထက် ကျန်းမာရေးကောင်းသူများအပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်တစ်ခါမှ ထိုးနှံခဲ့ခြင်း မရှိသူများ၊ အခြားကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအမျိုးအစားအလိုက် ယခင်က ထိုးနှံခဲ့ဖူးသူများ၊ ကိုယ်ဝန်ဆောင်မိခင်များဖြစ်ပါက ကိုယ်ဝန်လေးလနှင့်အထက်ရှိသူများ၊ နို့တိုက်မိခင်များ၊ နာတာရှည်ရောဂါများဖြစ်သည့်(ဆီးချို၊သွေးတိုး၊နှလုံးသွေးကြောကျဉ်း)အစရှိသည့် ရောဂါဝေဒနာရှင်များလည်း လာရောက်ထိုးနှံနိုင်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**



## နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်



**မိုင်းရှူး ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် မြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ရွေးချယ်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့မဈေး သမဝါယမအသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) အရှေ့ပိုင်းသမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖေသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝတ်ရည်နှင်းက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေမှု၊ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊အသင်းသားစာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူခဲ့သည်။ဆက်လက်၍ သမဝါယမအသင်းစုလီမိတက်၏အမှုဆောင်သစ်များကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၃၀ ဖြင့် ဈေးတည်ငြိမ်နေ

**မန္တလေး ဇူလိုင် ၁၄**

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၀၃၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် ဇူလိုင် ၇ရက်မှ ၁၃ရက်အထိ စားအုန်းဆီရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၀၃၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဇူလိုင် ၁၄ ရက်မှ ၂၀ရက်အထိ ရည်ညွှန်းဈေးသည်လည်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၃၀ ဖြင့် ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်၊ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်၍ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**






# အ·ထ·က(ခွဲ)ကျောင်းသို့ ကျောင်းသုံးပစ္စည်းများ လှူဒါန်း

**မန္တလေး ဇူလိုင် ၁၄**

မန္တလေး၊ အမရပူရမြို့နယ်၊ ကြည့်မြင်တိုင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသား၊ ကျောင်းသူများ အတွက် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MYDA)မှ ကျောင်းသုံးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA)ဥက္ကဋ္ဌက လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားကာ Mandalay Region Chamber of Commerce and Industry (MRCCI)ဒုတိယဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းမှ ဆက်သွယ်လှူဒါန်းပေးမှုအကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ကြည့်မြင်တိုင်ကျေးရွာအုပ်ချုပ်ရေးမှူးက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA) ဥက္ကဋ္ဌမှ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ၅၀ ဒါဇင်၊ ခဲတံ ၈၉ ကတ်၊ ကွန်ပါဘူး ၅၆ ဘူး၊ ကျောပိုးအိတ်အကြီး ၃၃၂ အိတ်၊ ကျောပိုးအိတ်အသေး ၃၆၂ အိတ်လှူဒါန်းရာ အ·ထ·က(ခွဲ)ကြည့်မြင်တိုင်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်မော်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၅၇)**

# ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် သစ်ပင်များ စိုက်ပျိုး



**မန္တလေး ဇူလိုင် ၁၄**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငွေးဝင်းနှင့် ဆရာ၊ ဆရာမ ၆၅ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦးတို့က ပန်းအလှပင်များ၊ အရိပ်ရပင်များ၊ လေကာပင်များ၊ ဟင်းသီးဟင်းရွက်ပင်များ စုပေါင်းစိုက်ပျိုးကြရာ မြို့နယ်ပညာရေးမှူး ဒေါ်သီတာငွေးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို အောင်မြေသာစံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း၊ စုစုပေါင်း ၅၆ ကျောင်းတို့တွင် လည်း ပန်းအလှပင်များ၊ အရိပ်ရ ပင်များ၊ သီးပင်စားပင်များ စိုက်ပျိုး ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(၀၉၃)**

# ပြင်ဦးလွင်မြို့တွင် (Special CME Program) စဉ်ဆက်မပြတ် လေ့လာသင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် ခရိုင်ကုသရေးဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ Special CME Program on Malaria and Dengue Management Prevention and Control (စဉ်ဆက်မပြတ်လေ့လာသင်ကြားခြင်း) အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီကခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး(ပြင်ဦးလွင်)ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ပုဂ္ဂလိကဆေးရုံ၊ အထူးကုဆေးခန်း၊ အထွေထွေရောဂါကုဆေးခန်းများမှ တာဝန်ခံဆရာဝန် ၇၉ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထူးက အဖွင့်အမှာစကားပြောကြားပြီး အထူးကုဆရာဝန်ကြီး(ဆေးပညာ)နှင့် အထူးကုဆရာဝန်(ကလေး)တို့မှ Malaria and Dengue Management Danger Sign များကို လည်းကောင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချမ်းငြိမ်းမှ Malaria and Dengue Management Prevention and Control အကြောင်းကို လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း တာဝန်ခံများက သိလိုသည်များအား မေးမြန်းမှုအပေါ် ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*-*-*-*-*



# သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ထောက်ပံ့ငွေများပေးအပ်၊ ကျန်းမာရေးစစ်ဆေးပေး

**မန္တလေး ဇူလိုင် ၁၄**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများကို ထောက်ပံ့ပေးလျက်ရှိရာ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ အတွင်းရေးမှူး ဒေါက်တာအောင်မင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်သန်းတို့က မေ့ဆေးဘက်ဆိုင်ရာဆရာဝန်ကြီး ဒေါက်တာဒေါ်သူသူတင်၏ နေအိမ်သို့သွားရောက်၍ သက်ကြီးဆရာဝန်များ ထောက်ကူပြု SGED ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ကြီးမှူး၍ အသက်(၇၀)နှစ်အထက် သက်ကြီးဆရာဝန်ကြီးများအား မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံကြီးများတွင် Medical Check Up ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ အသက်(၇၀)နှစ်အထက် ဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့သို့ အခမဲ့ အသင်းဝင်ရောက်နိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(၀၄၅)**



# မင်းဘူးမြို့ မကြီးချောင်း အ·မ·က (မူလွန်)ကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မင်းဘူး ဇူလိုင် ၁၄**

မကွေးတိုင်းတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၄) မကြီးချောင်း အ·မ·က(မူလွန်)ကျောင်း၌ ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့ နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြသည်။

မင်းဘူးမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းများတွင် ကျောင်းဥပမိရပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ကျောင်းဝင်းအတွင်း ပိုးမွှားအန္တရာယ်များကင်းစင်ကာ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်၏ ကြီးကြပ်မှုဖြင့် စုပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန်းရေနံမှ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**
**(၅၀၄)**



# မြို့သစ်မြို့နယ်၌ နှမ်းစပါး (ရတနာတိုး) စံကွက်ရိတ်သိမ်း

**မြို့သစ် ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ ပုလင်းကြီးကျေးရွာအုပ်စုရှိ တောင်သူ ဦးသန်းထွန်း စိုက်ပျိုးထားသည့် ၂၀၂၄-၂၀၂၅ခုနှစ် နှမ်းစပါး(ရတနာတိုး)စိုက်ခင်း၌ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက စံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။

အဆိုပါ နှမ်းစပါးစံကွက်ရိတ်သိမ်းရာတွင် မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးစံရဲကျော်၊ မကွေးခရိုင် မြေစာရင်းဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းခဲ့ကြရာ နှမ်းစပါး (ရတနာတိုး) စပါးမျိုး(သင့်)ကိုယ်စားပြုအလွှာတွင် တစ်ဧကလျှင် အစို ၁၀၇ ဒသမ ၃၉ တင်း၊ အခြောက် ၉၃ ဒသမ ၂၆ တင်းထွက်ရှိကြောင်း သိရသည်။ **ဝင်းအိစွန်(ပြန်/ဆက်)**

# မန္တလေးနဲ့ ငလျင် (ဌာပနာအမွေအနှစ်များ-၂)




မန္တလေးဝန်းကျင်တစ်ခို(၂၈-၃-၂၀၂၅) ရက်နေ့တွင် အင်အားပြင်းငလျင်ကြီးလှုပ်ခတ်ခဲ့လို့ ဘုရားပုထိုးစေတီကျောင်းကန် အမွေအနှစ်များစွာ ပျက်စီးခဲ့ပါတယ်။ ဒါကို အကြောင်းပြုပြီးပျက်စီးမှုကို ဝမ်းနည်းပူဆွေးမနေဘဲ အမျိုးသားရေးအမြင်နဲ့ ပြန်လည်နိုးထ ထူထောင်ပြုပြင်ကြဖို့ နှိုးဆော်ရေးသားခဲ့ပါတယ်။ အဲ့ဒီလိုရေးသားရာမှာ ရှေးဟောင်းသုတေသန ရှုထောင့်ကနေ ပျက်စီးခဲ့တဲ့ အမွေအနှစ်များရဲ့ သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးနဲ့ ရှေးဟောင်းတန်ဖိုးတွေအကြောင်းကို သိလာကြပြီး တန်ဖိုးထားနိုင်အောင် ရေးသားခဲ့ပါတယ်။ အခုတစ်ခါတော့ အပြောင်းအလဲအဖြစ် ငလျင်ကြီးကြောင့် ဘုရားပုထိုးတွေနဲ့ဆက်စပ်ပြီး ပေါ်ပေါက်တွေ့ရှိလာခဲ့တဲ့ ဌာပနာ အမွေအနှစ်များအကြောင်းကို ရှေးဟောင်းသုတေသနရှုထောင့်က တင်ပြလိုက်ပါတယ်။

ဌာပနာဆိုတာ အထိမ်းအမှတ်တည်ဆောက်ခဲ့ကြတဲ့ ဘုရားစေတီတော်တွေမှာ ထည့်သွင်းထားတဲ့ အဖိုးတန်အမွေအနှစ်တွေပါ။ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ၊ ဓာတုစေတီနဲ့ ဓမ္မစေတီ အစရှိတဲ့ စေတီတော်မှန်သမျှမှာ အမွေအနှစ်တစ်မျိုးမျိုး ထည့်သွင်းတည်ဆောက်လေ့ရှိကြပါတယ်။ နည်းနည်းချဲ့ပြောရရင် ဘုရားမပွင့်မီ အလောင်းတော် သိဒ္ဓတ္ထမင်းသားဘဝ တောထွက်ပြီး ဆံပယ်တော့ တာဝတိံသာမှာ ဆံတော်ဌာပနာပြီး "စူဠာမုနိ" စေတီတော်ဆိုတာ စတင်ပေါ်ပေါက်လာခဲ့ပါတယ်။ တစ်ခါ ဘုရားပရိနိဗ္ဗာန်မစံမီ ရှေးဦးစွာ လက်ယာတော်ရံ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုတဲ့အခါ ကြွင်းကျန်တဲ့ အရိုးပြာတွေကို ညီတော် စုန္ဒမထေရ်က ယူလာပြီး ဘုရားရှင်ထံ သတင်းပို့တော့ ဘုရားက ဌာပနာပြီး စေတီတည်ဖို့ မိန့်တော်မူပါတယ်။ ဘုရားရှင်ကိုယ်တိုင် ပရိနိဗ္ဗာန်စံဝင်ခါနီး အာနန္ဒာမထေရ်ကို ကြွင်းကျန်ရစ်တဲ့ ဓာတ်တော်များကို ဌာပနာပြီး စေတီတည်ဖို့ မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့် ဗုဒ္ဓသာသနာ အစောပိုင်းကာလမှာ တည်ထားကိုးကွယ်ကြတဲ့ စေတီတော်များအားလုံးမှာ ဓာတ်တော်၊ မွေတော်နဲ့ အဖိုးတန်ရတနာများ ထည့်သွင်း ဌာပနာခဲ့ကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ နောက်ပိုင်းမှာတော့ ဓာတ်တော်၊ မွေတော် အစစ်များထက် ရည်မှန်းပူဇော်တဲ့ ရွှေဆင်းတု၊ ငွေဆင်းတုတွေကို ထည့်သွင်းဌာပနာလို့ ဥဒ္ဒိဿစေတီအဖြစ် တည်ထားကိုးကွယ်လာခဲ့ကြပါတယ်။ အဲ့ဒီထက်ပိုပြီး နောက်ပိုင်းရောက်တော့ စေတီတော် တည်မယ်ဆိုရင် မြေဝင်ပန္နက်တတိယပစ္စယံနဲ့ သပိတ်တော်နေရာတို့မှာ သုံးကြိမ်တိုင်အောင် ထည့်သွင်းလို့ တည်ဆောက်ခဲ့ကြတယ်ဆိုတာ လေ့လာသိရှိရပါတယ်။ ပန္နက်နဲ့ပစ္စယံနေရာတို့မှာ ကျောက်၊ကြေးနဲ့ ပြုလုပ်ထားတဲ့ သတ္တာ သတ္တာဟအရုပ်များ၊ အခြားဗုဒ္ဓဝင်ဆိုင်ရာအရုပ်များ၊ ဆင်းတုတော်များကို အလျဉ်းသင့်သလို ထည့်သွင်းဌာပနာကြပါတယ်။ အပေါ်ဆုံး သပိတ်တော်၊ ခေါင်းလောင်းတော် နေရာမှာတော့ အဖိုးတန် ရွှေ၊ငွေ၊ဆင်းတုတော်များ၊ ရတနာပစ္စည်းများကို ထည့်သွင်းပူဇော်ထားလေ့ရှိပါတယ်။ ဂူဘုရား၊ လိုဏ်ဘုရားဆိုရင်တော့ ကွမ်းထောင်နေရာပေါ့။ အဲ့ဒီလို ဌာပနာထည့်သွင်းကြတဲ့အခါမှာလည်း ဘုရားဒါယကာရဲ့အဆင့်အတန်းနဲ့ သဒ္ဓါစွမ်းအားအပေါ်မူတည်ပြီး ရွှေစင်၊ငွေစင်ဆင်းတုတော်သွန်းလောင်းပူဇော်ကြတာရှိသလို ရွှေပြားခတ်၊ ငွေပြားခတ် ဆင်းတုတော် တွေကိုလည်း တွေ့ပါတယ်။ အနိမ့်ဆုံးအဆင့်အနေနဲ့ ကြေးကို သွန်းလောင်းပြီး ရွှေချထားတာမျိုးကို စေတီငယ်များမှာ တွေ့ကြရလေ့ရှိပါတယ်။ ဒီနေရာမှာ ပြောလိုတာက ဘုရားဒါယကာရဲ့ ထည့်သွင်းပူဇော်ထားတဲ့ ဌာပနာပစ္စည်းဟာ ရွှေစင်သွန်းထားတာ၊ ရွှေပြားခတ်ထားတာ၊ ကြေးသွန်းပြီး ရွှေချထားတာစသဖြင့် သတ္တုတန်ဖိုး မဟုတ်ပါဘူး။ သုတေသီများအနေနဲ့ကတော့ ဘာသတ္တုနဲ့လုပ်ထားသည်ဖြစ်စေ အထက်မှာ တင်ပြပြီးခဲ့သလို သမိုင်းယဉ်ကျေးမှုနဲ့ ရှေးဟောင်းတန်ဖိုးတို့ကိုသာ ပိုပြီးအရေးကြီးတယ်ဆိုတာ အဓိကပါ။ အခုလှုပ်ခတ်သွားခဲ့တဲ့ ငလျင်ကြီးကြောင့် ပြိုပျက်သွားတဲ့ စေတီတော်ကနေ ပေါ်လာခဲ့တဲ့ ဌာပနာဆင်းတုတော်တစ်ဆူအကြောင်းကို အဲ့ဒီရှုထောင့်ကနေ ဥဒါဟရဏ်ဆောင်လို့ တင်ပြပါ့မယ်။

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ တဲတော်ရာ အရပ်မှာ ပင်းယခေတ်က ဥဇနာမင်းတည်ထားကိုးကွယ်တဲ့ ပေါင်းလဲကြီး လျောင်းတော်မူဆင်းတုတော်ကြီးဆိုတာ အင်းဝ၊ ပင်းယ ရှေးဟောင်းနယ်မြေမှာတော့ ဉာဏ်တော်ကြီးမားတဲ့ ဆင်းတုတော်ကြီးတစ်ဆူအဖြစ် ထင်ရှားပါတယ်။ အဲ့ဒီပရိဝုဏ်အတွင်းမှာ နောက်ခေတ်အဆက်ဆက် တည်ထားကိုးကွယ်ခဲ့တဲ့စေတီများလည်းတွေ့ရပြီး အဲ့ဒီထဲကပေါင်းလဲကြီးရဲ့ အရှေ့ဘက်မှာရှိတဲ့ ဘုရားအမှတ်(၉၀)ဟာ ဉာဏ်တော်အလယ်အလတ်သာရှိတဲ့ မုခ်တစ်ဖက်ထွက် တိုက်ခံစေတီငယ်လေးတစ်ဆူပါ။ ထုံးစံအတိုင်း မှတ်တမ်းမှတ်ရာ အားနည်းခဲ့ကြလို့ ဒါမှမဟုတ် ပျောက်ပျက်သွားခဲ့လို့ အဲ့ဒီစေတီငယ်ရဲ့သမိုင်းကြောင်းကိုတော့ မသိကြရသေးပါဘူး။ ငလျင်မတိုင်မီ လေ့လာခဲ့တဲ့အထောက်အထားများအရ မူလစေတီတော်ရဲ့လက်ရာကို အမရပူရခေတ်မှာ ပြန်လည်ပြုပြင်ခဲ့တယ်ဆိုတာကို မုခ်ကပ်တံကဲမှာ မွမ်းမံထားတဲ့ အင်္ဂတေပန်းတော့ လက်ရာများနဲ့တိုက်မအထက် ထောင့်မှာတွေ့ရတဲ့ မနုသီဟရုပ်များအရ သုံးသပ်ရပါတယ်။ အဲ့ဒီ လိုဏ်ခံစေတီငယ်လေးဟာလည်း အင်အားပြင်း ငလျင်ဒဏ်က မလွတ်ခဲ့ဘဲ တစ်ဆူလုံးနီးပါး ပြိုကျခဲ့ပါတယ်။ ငလျင်အပြီး ဒေသခံတွေက အပြိုအပျက်တွေ ရှင်းလင်းကြတော့ ကြေးသွန်းဆင်းတုတော်နဲ့ ဆက်စပ်နေတဲ့ရုပ်တုလေးများ ပေါ်ထွက်လာခဲ့ပါတယ်။ အဲ့ဒီဆင်းတုတော်နဲ့ ဆက်စပ်နေသော ရုပ်တုများဟာ အရင်က မတွေ့ခဲ့ဖူးသေးတဲ့လက်ရာဟန်ပန်များ ဖြစ်နေတာကြောင့် ဗဟုသုတအလို့ငှာ ရှေးဟောင်းသုတေသန ရှုထောင့်က တင်ပြရခြင်း ဖြစ်ပါတယ်။

ထွက်ပေါ်လာခဲ့တဲ့ ဌာပနာပစ္စည်းများဟာ တံကဲနှစ်ထပ်ပါတဲ့ ခိုနန်းချိုးပလ္လင်ထက်မှာ စံမြန်းနေတဲ့ ဆင်းတုတော်၊ ဝဲယာမှာ ထီးမိုးနေတဲ့ ဗြဟ္မာတစ်ရပ်စီ၊ ရှေ့မှာ လက်အုပ်ချီလို့ တရားနာနေဟန် ရဟန္တာခြောက်ပါးနဲ့ သူတို့ရှေ့မှာ ဆင်းတုတော်ကို ကျောပေးထားတဲ့ ခရုသင်းနဲ့ သားမြီးယပ်ကိုင် သိကြားရုပ်အစုအဝေးတို့ ဖြစ်ပါတယ်။ ပထမဆုံး တံကဲဟန်ကို လေ့လာတင်ပြပါမယ်။ တံကဲမှာ အလှဆင်ထားတဲ့ လက်ရာဟာ နှစ်ထပ်ပါ။ ရှေ့ကတံကဲက ကြေးကွေး စိုင်ပေါင်နဲ့ တောရနောင်များ ပါရှိတဲ့ အဖြောင့်ပုံ ဖြစ်ပါတယ်။ နောက်တံကဲကတော့ တစ်ဖက်မှာ ပန်းခက် ၁၃ ခက်ပါပြီး အထွတ်တစ်ခုတင်ထားတဲ့ ပန်းတံကဲ အပိတ်ဖြစ်ပါတယ်။ ထပ်ပြီးတော့ တံကဲရဲ့တုရိဏ်တိုင်အလယ်မှာ လက်အုပ်ချီနေတဲ့ နတ်တစ်ပါးစီ ပါရှိနေပြန်ပါတယ်။ ပလ္လင်ထက်မှာ စံပွာယ်နေတဲ့ ဆင်းတုတော်ကတော့ တွေ့မြင်နေကျ လက်ဟန်အနေအထားမျိုးမဟုတ်ဘဲ ဘယ်လက်က ရှာနမုဒြာ၊ ညာလက်က ယပ်တောင်ကို ဆုပ်ကိုင်ထားတဲ့ "တေလဝဏ္ဏ ဟတ္ထ" ဟန် ဖြစ်နေပါတယ်။ ယပ်တောင်ကိုင်ဖို့ လက်အတွင်းပိုင်းမှာ စရွေးကွင်းပါရှိပါတယ်။ ယခင်က ယပ်ကိုင်ဆင်းတုတော်ကို စစ်ကိုင်း တိလောကလိုဏ် နံရံဆေးရေးမှာ တွေ့ဖူးပေမယ့် ဆင်းတုတော်အနေနဲ့ ဒါပထမဆုံး တွေ့ရခြင်း ဖြစ်ပါတယ်။ ဆင်းတုတော်အနေနဲ့ ရခိုင်နဲ့ ထိုင်းမှာ တွေ့ရသော်လည်း မြန်မာအနေနဲ့ တွေ့ရခဲ့ပါတယ်။ အနေအထားအရ တရားဟောနေတဲ့ဟန် ဖြစ်ပါတယ်။ ဒါကို ပံ့ပိုးနေတာက ရှေ့မှာ လက်အုပ်ချီပြီး တရားနာနေတဲ့ ရဟန္တာ ခြောက်ပါး အတူပါရှိနေလို့ပါ။ ကြေးသွန်းဆင်းတုတော်များကို ဝဲ၊ယာမှာ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်၊ အဂ္ဂသာဝကနှစ်ပါးနဲ့အတူ တွဲပြီး တွေ့ရလေ့ရှိပါတယ်။ တစ်ခါတလေ ပဥ္စဝဂ္ဂီငါးပါးလည်း တွေ့ရတတ်ပေမယ့် အခုလို ခြောက်ပါးနဲ့ တစ်ခါမှမတွေ့ခဲ့ရဖူးပါ။ ဒီတော့ ရဟန္တာ ခြောက်ပါးက ဘယ်သူတွေ ဖြစ်နိုင်မလဲလို့ ကြံဆကြည့်ကြရအောင် မြတ်ဗုဒ္ဓသာသနာမှာ အရေးပါခဲ့တဲ့ ရဟန္တာကြီးများ ဖြစ်ကြတဲ့ လက်ယာရံ ပညာအရာဧတဒဂ်ရ ရှင်သာရိပုတ္တရာ၊ လက်ဝဲရံတန်ခိုးအရာဧတဒဂ်ရ ရှင်မောဂ္ဂလာန်၊ တတိယသာဝက



ဓူတင်အရာဧတဒဂ်ရ ရှင်မဟာကဿပ၊ အနာဂတ်သာသနာ အတွက် အရေးပါတဲ့မြတ်ဘုရား၏ ဥပဋ္ဌာကဖြစ်တဲ့အပြင် သင်္ဂါယနာတင်ရာ သုတ္တန်ပိဋကတ်အတွက် ဧတဒဂ် ငါးခုရ ရှင်အာနန္ဒာ၊ သင်္ဂါယနာတင်ရာ ဝိနည်းပိဋကတ်အတွက် ဧတဒဂ်ရ ရှင်ဥပါလိနဲ့ သင်္ဂါယနာတင်ရာ အဘိဓမ္မာပိဋကတ်အတွက် ဒိဗ္ဗစက္ခုဧတဒဂ်ရ ရှင်အနုရုဒ္ဓါ မထေရ်တို့ ဖြစ်ကြလိမ့်မယ်လို့ မှန်းဆရပါတယ်။ ဆင်းတုတော်ရဲ့ ဘေးဝဲ၊ယာက ဗြဟ္မာ နှစ်ရုပ်ဟာ ရှစ်မြှောင့်(သို့မဟုတ်)အဝိုင်းပုံထီးဖြူမိုးပေးထားတဲ့ပုံမှာတော့ ဗြဟ္မာပုံမှာ မကိုဋ်ဆောင်း၊ နားကင်း၊ နားတောင်း၊ လက်ကြပ်၊ လက်ကောက်၊ လည်ဆွဲများ တန်ဆာဆင်ထားတာကို အသေးစိတ်တွေ့ရပါတယ်။ အားလုံးသိကြတဲ့အတိုင်း ထီးဖြူဆိုတာ ဘုရားနဲ့သာ သက်ဆိုင်ပြီး ဘုန်းတန်ခိုးအာနုဘော်ရဲ့ ပြယုဂ်တစ်ခု ကိုယ်စားပြု ဖန်တီးထားတယ်လို့ ကောက်ယူနိုင်ပါတယ်။ ရှေ့က သိကြားရုပ်ကတော့ ဖောင်းဆောင်းထားပြီး ဗြဟ္မာလို အဆင်တန်ဆာမများလှပါဘူး။ ထူးခြားတာလေးတစ်ချက်က သိကြားရုပ်မှာ ညောင်ရမ်းခေတ် နံရံဆေးရေးများမှာလို ပါးတစ်ဖက် ဖောင်းနေအောင် ဖန်တီးထားတာ တွေ့ရပါတယ်။ ညာလက်မှာ ခရုသင်းနဲ့ ဘယ်လက်မှာတော့ လက်ကိုင်ရိုးရှည်ပါ သားမြီးယပ်ကို ထမ်းကိုင်ထားပြီး ရပ်လျက်သားဟန် ဖန်တီးထားပါတယ်။ ခရုသင်းက အေးမြခြင်းနဲ့ သားမြီးယပ်ကအနှောင့်အယှက် အန္တရာယ်မှ ကင်းဝေးစေခြင်း အဓိပ္ပာယ်များကို ဆောင်နေပါတယ်။ သိကြားမင်းက မြတ်ဘုရား ပထမဝါမှာ ရာဇဂြိုဟ်ပြည်ကို ကြွတော်မူတော့ များပြားလှတဲ့ လူအုပ်ကြီးရဲ့ အနှောင့်အယှက်ကနေ ကင်းဝေးအောင် ဖန်တီးစွမ်းဆောင်ခဲ့တဲ့ သာဓကလည်း ရှိနေပါတယ်။ ဒါကတော့ ဖန်တီးထားတဲ့အရုပ်များရဲ့ ဟန်ပန်နဲ့ ဖြစ်နိုင်ခြေလေးတွေကို မှန်းဆရတာပါ။ နောက်တစ်ချက်ကတော့ ခေတ်ကာလပါ။ ဆင်းတုတော် အပါအဝင် အရုပ်များရဲ့အချက်အလက်များနဲ့ ထီးဖြူရဲ့ပုံသဏ္ဌာန်အရ နောက်အကျဆုံး ညောင်ရမ်းခေတ်နှောင်းပိုင်းလို့ ခန့်မှန်းရပါတယ်။ စာလေးသွားမှာစိုးလို့ပါ အသေးစိတ်မဖော်ပြတော့ပါ။ အထောက်အကူပြုနေတဲ့ အချက်တစ်ခုကတော့ ပေါင်းလဲကြီး လျောင်းတော်မူ ပရိဝဏ်ထဲမှာ အခုဗြဟ္မာရုပ်များ ကိုင်ထားတဲ့ ထီးတော်ပုံစံမျိုး ထီးတော်ကြီးတစ်ဆူကို ခုံနဲ့တကွ ထိန်းသိမ်းထားတာ တွေ့ရပါတယ်။ ဥပမာ နှိုင်းပြရရင် စစ်ကိုင်းက ကောင်းမှုတော်ထီးပုံစံမျိုးပါ။ သဘောကတော့ ညောင်ရမ်းခေတ်မှာ အဲ့ဒီလိုပုံစံ ထီးတော်တင်ခဲ့တဲ့ စေတီတော်ကြီး တစ်ဆူ ပရိဝုဏ်ထဲမှာရှိခဲ့တဲ့ သဘောပါ။ အဲ့ဒီစေတီတော်နဲ့ အခုဌာပနာတွေ့ရတဲ့ လိုဏ်စေတီနဲ့လည်း အဆက်အစပ် ရှိခဲ့ပါလိမ့်မယ်။ စာရှည်သွားမှာစိုးလို့ နိဂုံးချုပ်ရရင် အခုတွေ့ရတဲ့ ဌာပနာဆင်းတုတော်ဟာ လောကီအစီအရင်တို့ကို ယုံကြည်ခဲ့တဲ့ ညောင်ရမ်းခေတ်လက်ရာ ဖြစ်တယ်။ ဗုဒ္ဓသာသနာတော်ပြန့်ပွားခြင်း၊ အောင်မြင်ခြင်း၊ ဘုန်းတန်ခိုးအရှိန်အဝါ ကြီးမားခြင်း၊ အေးချမ်းခြင်း၊ အနှောင့်အယှက် အန္တရာယ်ကင်းဝေး ခြင်းအစရှိတဲ့ ကောင်းခြင်းအတိတ် နိမိတ်တွေပြည့်စုံနေတဲ့ ထူးခြားတဲ့ ဆင်းတုတော်တစ်ဆူ ဖြစ်ပါကြောင်း။

ရက္ခိတ(ရှေး/သု)

# စာဖတ်ရိုန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ



**ဟုမ္မလင်း ဇူလိုင် ၁၄**

ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ ပူးပေါင်း၍ စာဖတ်ရိုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀နာရီက ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သရဖီဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကက်သာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသန်းနိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေဆက်က စာဖတ်ရိုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပရခြင်းမှာ ကျောင်းသား လူငယ်များ စာပေဖတ်ရှုလေ့လာမှု အားကောင်းလာစေရန်နှင့် မိမိတို့၏ အတွေးအမြင် ဗဟုသုတများကို အချင်းချင်း မျှဝေဆွေးနွေးဖလှယ်တတ်စေရန် စာပေဖတ်ရှုခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများနှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လေးများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေး၍ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်၊ စာစောင်များ လှူဒါန်းခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ဒေါ်နန်းမဍ္ဍူအေးက ဆောင်ရွက်၍ ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်ထားသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေး နှံ့ရုံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြပြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်းနှင့် အဆိုပါ အခမ်းအနားသို့ အ·ထ·က (ကက်သာ)ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ

ဖတ်စရာ၊ မှတ်စရာ 
စုံလင် 
ယနေ့

# စာဖတ်ရိုန်မြှင့်တင်ရေး Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး

**မိုင်းခတ် ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်များ အသစ်လဲလှယ်ပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၁ နာရီက မိုင်းခတ်မြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ စာဖတ်ပရိသတ်များထံ စာအုပ်များ ငှားရမ်းပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာကြည့်တိုက်သို့ လာရောက်ငှားရမ်းရန် အခက်အခဲရှိနေသည့် စာဖတ်ပရိသတ်များအတွက် စာပေဖတ်ရှုမှုအဆင်ပြေစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ သုတ၊ ရသစာအုပ်များကို ငှားရမ်းပေးလျက်ရှိရာ Mobile Library စနစ်ဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်နေ ပြည်သူများအား စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းနှင့် အသစ်လဲလှယ်ပေးခြင်းတို့ကို အပတ်စဉ်သောကြာနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျွန်းလှ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီက ပိတောက်မြိုင်ရပ်ကွက်၊ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်များ၊ ကလေးအလုပ်သမားဥပဒေ၊ ပြစ်မှု ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံများ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၄၈၀)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ဖွဲ့ကာပင်မြေ အလှဓလေ

\- - - - - - - - - - - -

* သာယာတင့်တယ်
ကရင်ပြည်နယ်
ရှုစမ်းပါကွယ်
ကြည်နူးစဖွယ် ။

* မြစ်သံလွင်ရေ
အေးမြလို့လေ
သာယာတင့်ဆန်း
အံ့မခန်းပေ ။

* ရှမ်း၊ ကရင်၊ ကချင်၊ ကယား
ချင်း၊ မြန်မာ၊ ရခိုင်တွေနှင့်
ပအိုးဝ်၊ ပလောင် ညီနောင်ဘွားနဲ့
သွေးချင်းတို့တွေ စုစည်းကာနေ ။

* တောင်ယာစပါး လူးပြောင်းစပ်နဲ့
တာလပေါ့ဟင်းဖြင့် လိုက်ဖက်ပြန်ခဲ့
ဖားစည်သံဝေ ဒေါနမြေသည်
သာယာတင့်လေ ကောင်းမြတ်ပေ၏ ။

* ပျော်ရွှင်လက်တွဲ မီးပုံပွဲမှာ
ခေါင်ရည်ဘူးနဲ့ နွဲ့ပျော်ကြကာ
ပျော်စရာ ရွှင်စရာ ဖော်ရွေစွာပ
ဝါးညှက်အကနဲ့ ဖွဲ့ကာပင်အလှ ။ ။

ဝိုင်းကြည်ဖြူ(နောင်ချို)





မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိမ့်စိမ့်လွှမ်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက တောင်ပြင်စံကျောင်းတိုက် ဆရာတော်ထံမှ သီလခံယူဆောက်တည်ကြစဉ်။

(ကဆ)

## မြရည်နန္ဒာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး (ပဌမ)အကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**မန္တလေး ဇူလိုင် ၁၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး (ပဌမ)အကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၇ နာရီက အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဇနီး ဒေါ်အေးချိုဦး၊ ဝန်ထမ်းများက ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာတို့ဖြင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြပြီးနောက် လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)က ငါးပါးသီလချီးမြှင့်တော်မူပြီး အုပ်ချုပ်ရေးမှူးနှင့် ရုံးဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြရည်နန္ဒာရပ်ကွက် မဟာပညိန္ဒာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုစိတ္တ ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီး လယ်ဝန်ကျောင်း ဆရာတော်က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရသော အကျိုးတရားတော်များ ချီးမြှင့်၍ ရေစက်သွန်းချ အမျှအတန်း ပေးဝေခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ) (၀၄၆)



## မန္တလေးငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သော မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် ငွေများ လာရောက်လှူဒါန်း

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည်ဖြစ်သည်။ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့်ပူဇော်မည်ဖြစ်သည်။ ယခုအခါ ပျက်စီးမှုများအား ရှေးမူမပျက် ပြုပြင်လျက်ရှိသည်။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁၀ ရက်က (၉၇)ကြိမ်မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော် ခြင်းဝါသနာရှင်များက ငွေကျပ် သိန်း ၈၀ ကိုလည်းကောင်း၊ မန္တလေးမြို့နေ ဦးအောင်ကိုကိုလေး+ဒေါ်သန်းသန်းလှိုင် မိသားစုက ငွေကျပ် သိန်း ၄၀ နှင့် ရွှေညောင်ရွက်တစ်ခုကို လည်းကောင်း၊ ရန်ကုန်မြို့နေ ကွယ်လွန်သူ မိဘ ဦးမြင့်သန်း+ဒေါ်ရှုဟုန်နှင့် ဖခင် ဦးထွန်းအေးအား ရည်စူး၍ မိခင် ဒေါ်နက်အား အမှူးထား၍ သား၊သမီးများက ငွေကျပ် ၃၃ သိန်းသုံးသောင်းကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်နေ မိခင်ကြီး ဒေါ်တင်နွဲ့အား ရည်စူး၍ ဒေါ်သန်းမြတ်ဦး၊ (ညီမ)ဒေါ်တင်တင်အောင်(စည်ပင်)မိသားစုက ငွေကျပ် ၁၅ သိန်းတို့ကို လာရောက် လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(အပေါ်ပုံ)

မဟာမုနိဘုရားကြီးကျောင်းတော်ကြီး ပြုပြင်ရန်၊ ပြတိုက်များ ပြင်ဆင်ရန်၊ စောင်းတန်းများ ပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များ ပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၀ နှင့် UAB ဘဏ်ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀၁၂၂၅၉နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂၀၀၀၀၀၇၅၀ နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၅)

*-*-*-*-*-*-*

## ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

**သရက် ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ် လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၉၄)ကြိမ်မြောက် သာသနာ့နွယ်ဝင် သီလရှင် ၆၃ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူပွဲကို ယမန်နေ့ နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက် ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင်၊စေတနာရှင်များ စုပေါင်း၍ လစဉ် လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူလျက်ရှိရာ (၉၄)ကြိမ်မြောက် လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက် အသီးသီးမှ သီလရှင် ၆၃ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ၊ အသုံးဆောင်ပစ္စည်းများ လောင်းလှူခြင်းကို စေတနာရှင်၊ အလှူရှင်များက လောင်းလှူကြပြီး ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စော်ထက်(သရက်)



## ပြည်သူများအား (၂၅)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်း

**မန္တလေး ဇူလိုင် ၁၄**

ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား (၂၅)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

အဆိုပါထောက်ပံ့ပွဲနှင့်အတူ ပင့်သံဃာတော်များကို ဝါဆိုသင်္ကန်း၊ နေ့ဆွမ်း ဆက်ကပ်ပြီး တက်ရောက်လာသူများကို ထမင်းကျွေးလှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်၊ အဖွဲ့ဝင် ဗိုလ်မှူး ဆွေလွင်အောင်၊ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြသည်။



အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် သက်ကြီးဘိုးဘွား ၃၁ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှင့် လုံချည်၊ ပုဆိုး၊ ပစ္စည်းများ ရပ်ကွက်ပြည်သူ အိမ်ထောင်စု ၇၀ စုတို့အား ထောက်ပံ့ငွေကျပ် ၁၀၀၀၀ စီနှင့် ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆား တစ်ထုပ်၊ ဆပ်ပြာကရင်(မ်)တစ်ဘူး၊ အသင့်စားခေါက်ဆွဲဘူး၊ ဂျုံခေါက်ဆွဲစည်း၊ ဘီစကစ်ဘူးတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ခဲပုံ)

(မန္တလေးနေ့စဉ်-၆)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံးကြီးသို့ အလှူရှင် မန္တလေး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၈၆ လမ်းနေ ဦးကျော်သိန်း+ဒေါ်သီသီ၊ သမီးမိသားစုက ဒေါ်သီသီ၏ (၆၃)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(ကဆ)

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



### ကျောက်ကပ်ရောင်ပျောက်နည်း

ကျောက်ကပ်ရောင်နေပါက အုံဆေးအနေနဲ့ ဒရင်ကောက် တစ်ခက်ကို ညက်နေအောင် ထောင်းပြီး ရောင်နေတဲ့ ကျောက်ကပ်အပေါ်က အုံပြီး ကပ်ပေးပါ။ ခြောက်သွားရင် ရေနည်းနည်းပြန်ဆွတ်ပေးပါ။ ဒရင်ကောက်ကိုပဲ ရေနွေးဖျော တို့မြုပ်စား၊ ချက်စား၊ ကြော်စား အဆင်ပြေသလိုပြုလုပ်ပါ။ တချို့က ကြိတ်စက်နဲ့ ကြိတ်ပြီး ဖျော်ရည်ပြုလုပ်သောက်သုံးကြပါတယ်။ ဆေးနည်းအတိုင်း သုံးရက်လောက်ပြုလုပ်ပြီးတဲ့အခါမှာ သက်သာသွားမှာပါ။



### နှစ်ရှည်လများ လက်၊ ခြေထောက်ကိုက်နေလျှင်

နှစ်ရှည်လများ ကိုက်နေသည့် လက်၊ ခြေထောက်များ ပျောက်ကင်းသည့် ဆေးနည်းလေးကို ဖော်ပြလိုက်ပါတယ်။

အရင်ဆုံး ခရမ်းသီးကို လေးစိတ်စိပ်ပါ။ လေးစိတ်စိပ်ပြီးရင် ခရမ်းသီးကို သံပရာသီးညှစ်သလို ညှစ်ပါ။

ညှစ်လို့ထွက်လာတဲ့ ခရမ်းသီးအရည်ကို ညောင်းညာကိုက်ခဲနေတဲ့ နေရာကို လိမ်းပေးပါ။ ခရမ်းသီးရည် လိမ်းတဲ့နေရာကို အဝတ်လေးနဲ့ ခဏ စည်းထားပါ။ မကြာခင်မှာ အညောင်းပြေလို့ အကိုက်သက်သာသွားမှာပါ။



### အရိုးနဲ့အဆစ်အမြစ်တွေ သန်မာစေမယ့် သဘာဝနည်းလမ်းများ

အရိုးနဲ့ အဆစ်အမြစ်တွေက ခန္ဓာကိုယ် တစ်ခုလုံးကို ထောက်ပံ့ပေးထားတာ ဖြစ်တာကြောင့် သေချာဂရုမစိုက်လို့ နာကျင်ရင် နေ့စဉ်လုပ်ငန်းဆောင်တာတွေကို ထိခိုက်စေပါတယ်။ အရိုးတွေ၊ အဆစ်အမြစ်တွေ သန်မာစေဖို့ ဆေးတွေချည်း သောက်နေဖို့ မလိုအပ်ပါဘူး။

တချို့အရိုးဆေးတွေက တခြားသော ဘေးထွက်ဆိုးကျိုးတွေလည်း ရှိပါတယ်။ ဒါ့ကြောင့် အရိုးအဆစ်တွေ သန်မာစေမယ့် နည်းလမ်းလေးတွေကို မျှဝေပေးလိုက်ပါတယ်။

**ပါဝင်ပစ္စည်းများ-**

- ဖရုံစေ့ လက်ဖက်ရည်ဇွန်း နှစ်ဇွန်း။
- နှမ်းစေ့ လက်ဖက်ရည်ဇွန်း နှစ်ဇွန်း။
- ကျောက်ကျောလုပ်တဲ့အမှုန့် လက်ဖက်ရည်ဇွန်း နှစ်ဇွန်း။
- နှမ်းကြတ်စေ့၊ ပိုက်ဆံလျှော်ပင်၏အစေ့ (Flax Seeds) လက်ဖက်ရည်ဇွန်း ငါးဇွန်း။
- စပျစ်သီးခြောက် လက်ဖက်ရည်ဇွန်း သုံးဇွန်း။
- ပျားရည် တစ်ခွက်။

**ပြုလုပ်နည်း**

အစေ့တွေကို မွှေစက်ထဲထည့်ပြီး မွှေလိုက်ပါ။ ကျောက်ကျောလုပ်တဲ့အမှုန့်(Gelatine)ကို ထည့်ပါ။ ပြီးရင် ပျားရည်နဲ့ နှမ်းကြတ်စေ့ကို ထည့်ပါ။ ပျစ်နေအောင် မွှေပြီး ရေခဲသေတ္တာထဲကို ထည့်ပါ။ နေ့လယ်စာ မစားခင်၊ နံနက်စာ မစားခင်တို့မှာ သောက်သုံးပါ။ ရေဖန်ခွက်ရဲ့ တစ်ဝက်လောက်နဲ့လည်း ရောစပ်ပြီး သောက်လို့ရပါတယ်။ ရေခဲသေတ္တာထဲမှာထားရင် နှစ်လလောက် ထားလို့ရပါတယ်။

ဒီသဘာဝနည်းလမ်းတွေမှာ သဘာဝအင်ဖိုင်းဓာတ်၊ အမျှင်ဓာတ်၊ အမိုင်နိုအက်ဆစ်၊ ရောင်ရမ်းတာကို ကျဆင်းစေတဲ့ ဓာတ်တွေနဲ့ Antioxidants ဓာတ်တွေ ပါဝင်နေပါတယ်။ ဒီဓာတ်တွေက အရိုးနဲ့ အဆစ်တွေကို သန်မာအောင် ကူညီပေးပြီး အဆစ်အမြစ်ကိုက်ခဲတာတွေကို လျှော့ချပေးပါတယ်။ အဲ့ဒီအပြင် ကယ်လ်ဆီယမ်နဲ့ မဂ္ဂနီဆီယမ်ဓာတ်၊ ပိုတက်ဆီယမ်၊ Omega 3 Fatty အက်ဆစ်၊ ပရိုတင်းဓာတ်တို့လည်း ပါဝင်နေပါတယ်။



### ဆီးချိုအတွက် သရက်ရွက်

ဆီးချိုရှိတဲ့လူတစ်ယောက် ခြေထောက်မှာ ဒဏ်ရာရပြီး အနာဖြစ်သွားတာ နောက်ဆုံး မပျောက်ဘဲ ခြေထောက်ပါ ဖြတ်လိုက်ရတယ်တဲ့။ သူ ခြေထောက်ဖြတ်ပြီးတော့လည်း အနာတွေက မကျက်ဘူးဖြစ်နေတာ။ ဒါနဲ့ ဘုန်းကြီးတစ်ပါးက သရက်ရွက်ကို အခြောက်ခံပြီး သုံးခွက်တစ်ခွက် တင်ကျိုပြီး တစ်နေ့ကို နှစ်ကြိမ်သောက်။ နောက်ပြီး ရေနွေးထဲကို သရက်ရွက်ခြောက်ခပ်ပြီး သောက်သောက်ပေးကြည့်။ ဒကာကြီးရောဂါ ပျောက်သွားလိမ့်မယ်ဆိုပြီး သူ့ကို ပြောတယ်တဲ့။ သူလည်း ယုံယုံကြည်ကြည်နဲ့ ဘုန်းကြီး ပြောတဲ့အတိုင်း သုံးလလောက် သောက်ကြည့်လိုက်တာ သူ့အနာတွေလည်း တဖြည်းဖြည်းနဲ့ ကျက်သွားပြီး လေး၊ ငါးလလောက်ကြာတော့ အရှင်းပျောက်သွားတယ်တဲ့။ အခု သူ ဆီးချိုပျောက်သွားပြီး လူလည်း ကျန်းကျန်းမာမာ ဖြစ်သွားတယ်တဲ့။

သရက်ပင်မှ မနုလွန်း၊ မရင့်လွန်းသော သရက်ရွက်များကို ခူးပါ။ ခူးပြီးသော သရက်ရွက်များကို ရေစင်အောင်ဆေးပါ။ သရက်ရွက်များ ရေခြောက်သွားသောအခါ လင်ပန်း(သို့မဟုတ်)ဆန်ကောထဲသို့ ကတ်ကြေးဖြင့် အနေတော်လေး ကိုက်ဖြတ်ပါ။ အားလုံးကိုက်ဖြတ်ပြီးရင် နေအိမ်ထဲမှာပင် အခြောက်ခံထားပါ။ ခြောက်ရက်၊ ခုနစ်ရက်ခန့်ကြာလျှင် စတင်သုံးစွဲလို့ရပါပြီ။

ဆီးချိုရင့်နေသူများအတွက်တော့ သရက်ရွက်ခြောက် လက်တစ်ဆုပ်ခန့်ကို ရေနှင့်သုံးခွက်တစ်ခွက်တင်ကျိုပြီး တစ်နေ့လျှင် နှစ်ကြိမ်သောက်သင့်ပါသည်။ ကျန်သောအချိန်များတွင် ရေနွေးထဲခပ်ပြီး သောက်သင့်သည်။ အခါးကြိုက်တတ်သူများအတွက်တော့ သရက်ရွက်ခြောက် များများထည့်သောက်ပါက ပို၍ ထိရောက်သည်။

သရက်ရွက်ခြောက်သည် ဆီးချိုအပြင် သွေးတိုးပါပျောက်သည်ဟု သိရသဖြင့် ဝေဒနာခံစားနေရသူများ ယုံယုံကြည်ကြည်နှင့် သောက်သုံးသင့်သည်။ ထို့အပြင် အသားအရေ တင်းရင်းပြီး အရွယ်တင်နုပျိုစေသည်ဟု သိရသည့်အတွက် အလှအပမြတ်နိုးသူများအတွက်လည်း သင့်လျော်ပါသည်။ ဆီးချိုမဖြစ်သေးသူများလည်း ရောဂါမဖြစ်အောင် ကြိုတင်သောက်သုံးနိုင်ပါသည်။ ဘေးထွက်ဆိုးကျိုး လုံးဝမရှိပါ။




### ဝက်ခြံ၊ တင်းတိတ်၊ အမာရွတ်နဲ့ အဆီဖုတွေပျောက်တဲ့ နည်းလမ်း

ဝက်ခြံ၊ တင်းတိတ်၊ အမာရွတ်နဲ့ အဆီဖုတွေကြောင့် စိတ်ညစ်နေရင် လွယ်ကူရိုးရှင်းပြီး အကုန်အကျသက်သာတဲ့ သဘာဝအိမ်တွင်းနည်းလေးကို ဖော်ပြပေးလိုက်ပါတယ်။ နည်းလမ်းကတော့ အာလူးတစ်မျိုးတည်းပါပဲ။

ပြုလုပ်ပုံကတော့ အာလူးကို ရေစင်အောင်ဆေးပါ။ အခွံနွှာပါ။ သနပ်ခါးကျောက်ပျဉ်ကိုလည်း ရေစင်အောင်ဆေးပါ။ (ရေပူနဲ့ဆေးရင် ပိုကောင်းပါတယ်။ မျက်နှာပေါ်သုံးမှာဖြစ်တဲ့အတွက် ဘက်တီးရီးယား မဝင်ဖို့ သတိထားရပါမယ်။)

အခွံနွှာထားတဲ့ အာလူးကို ရေအနည်းငယ်ဖြင့် ကျောက်ပျဉ်ပေါ်မှာ သွေးပါ။ ပြီးရင် အာလူးကိုယူပြီး မျက်နှာပေါ်လိမ်းပေးပါ။ အရည်ကုန်သွားရင် ထပ်သွေးပြီး လိမ်းပါ။ (သွေးထားတဲ့ အရည်ကို မလိမ်းရဘူးနော်။ သွေးထားတဲ့ အာလူးကို ကိုင်ပြီး လိမ်းတာပါ။) ဘာကြောင့် သွေးပေးတာလည်းဆိုတော့ အာလူးထဲက အာနိသင်တွေ ပိုထွက်လာစေချင်လို့ပါ။ လိမ်းပြီးပြီဆိုရင် လုံးဝခြောက်ပြီး တင်းလာတဲ့အထိ မိနစ် ၂၀ ခန့်ထားပေးပါ။ ပြီးရင်တော့ မျက်နှာသစ်ပေးလိုက်ပါ။



### သဘာဝနည်းနဲ့ အသည်းကို သန့်စင်နည်း

အသည်းက ခန္ဓာကိုယ်ရဲ့ လုပ်ငန်းပေါင်း ၅၀၀ ကျော်ကို လုပ်ဆောင်ပေးနေရပြီး တစ်မိနစ်တိုင်း သွေး တစ်လီတာကို စစ်ထုတ်ပေးနေရပါတယ်။ ခန္ဓာကိုယ်ရဲ့ လိုအပ်တဲ့ သွေးထုတ်လုပ်မှုရဲ့ ၁၃ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးပါတယ်။ အဲ့ဒီအပြင် ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ ဓာတုပစ္စည်း တစ်သောင်းသုံးထောင်ကျော်ကို ထုတ်လုပ်ပေးပြီး အင်ဇိုင်း နှစ်ထောင်ကျော်ကို ထိန်းချုပ်ပေးပါတယ်။ ဒါ့ကြောင့် ကျန်းမာတဲ့ဘဝကိုရရှိဖို့ အသည်းကျန်းမာနေဖို့ လိုအပ်ပါတယ်။

**ပါဝင်ပစ္စည်းများ**

ပူစီနံရွက် လက်တစ်ဆုပ်စာ၊ သံပရာသီး၊ လိမ္မော်သီး၊ ရေ။

**ပြုလုပ်နည်း**

ရေ နှစ်လီတာကို အိုးတစ်အိုးထဲ ထည့်ပါ။ ပူစီနံရွက် လက်တစ်ဆုပ်စာကို အိုးထဲထည့်ပြီး ငါးမိနစ်လောက် တည်ထားပါ။ ပြီးရင် အိုးပေါ်က ချပြီး အအေးခံထားပါ။

သံပရာသီးနဲ့ လိမ္မော်သီးတို့ကို ညှစ်ထုတ်ပြီး သံပရာသီးနဲ့ လိမ္မော်သီး ထမင်းစားဇွန်း တစ်ဇွန်းစီကို ခွက်ထဲထည့်ပါ။ ချိုအောင် ပျားရည် ထမင်းစားဇွန်းနှစ်ဇွန်းနဲ့ ရောပါ။

ပူစီနံပြုတ်ရည်၊ သံပရာသီးနဲ့ လိမ္မော်သီး ညှစ်ထားတဲ့ အရည်တွေကို ခွက်ထဲထည့်ပါ။ ဒီဖျော်ရည်ကို တစ်ပတ်ကို တစ်ခါသောက်ရင် အသည်းမှာရှိတဲ့ အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်ပါတယ်။



### ခါးနာဝေဒနာကို သုံးရက်အတွင်း အလွယ်တကူ ပျောက်ကင်းစေတဲ့ မြန်မာ့ဆေးစွမ်းတစ်လက်

ခါးနာဝေဒနာရှင်တွေအတွက် အလွယ်တကူ ပျောက်ကင်းစေနိုင်တဲ့ မြန်မာ့ရိုးရာ ဆေးနည်းလေးကို မျှဝေလိုက်ပါတယ်။

**ပါဝင်ပစ္စည်းများ-**

၁။ ကြက်သွန်ဖြူ=၈ ပဲသား၊ ၂။ ငရုတ်ကောင်း = ၈ ပဲသား၊ ၃။ စမုံနက် = ၈ ပဲသား၊ ၄။ ရှိန်းခို = ၈ ပဲသား၊ ၅။ မုတ်ခါး = ၁၀ ကျပ်သား။

ဖော်ပြပါ ဆေး ငါးပါးကို အမှုန့်ပြု၍ ဆီးသီးကင်းခန့် အလုံးလေးများ လုံးပြီး နေလှန်းအခြောက်ခံထားပါ။ ဤဆေးသည် ဝမ်းကို ပျော့စေသည်။ စမြင်းခံခြင်းကို ပျောက်ကင်းစေသည်။ အညောင်းအကိုက် ကင်းစေသည်။ ဝမ်းကို စင်ကြယ်စေသည်။ ခါးနာရောဂါကို အထူးပျောက်ကင်းသက်သာစေသော အစွမ်းသတ္တိရှိသည်။ အကြောင်းတစ်ခုခုကြောင့် ခါးနာပါက ထိုဆေးကို တစ်ခါသောက် တစ်လုံး တစ်နေ့ နှစ်ကြိမ် သောက်ပေးခြင်းဖြင့် သုံးရက်အတွင်း သက်သာပျောက်ကင်းစေပါသည်။



### အဖုအကျိတ်ပျောက်တဲ့ဆေးနည်း

အဖုအကျိတ် ဖြစ်နေတဲ့သူတွေအတွက် ဆေးနည်းလေးကို ဖော်ပြပေးလိုက်ပါတယ်။

**ဆေးနည်းမှာ** - (၁) ထုံး(ကွမ်းစားထုံး)၊ (၂) မန်ကျည်းမှည့်(အစေ့မပါ)၊ (၃) ပျားရည်စစ်စစ်။ ထိုသုံးမျိုးကို အဖုအကျိတ် အရွယ်ပမာဏပေါ်မူတည်ပြီး ဆတူရော၍ လက်ဖဝါးပေါ်တွင် နာနာပွတ်ပြီး နယ်ပေးပါ။

လက်ဖဝါးပေါ်တင်ကာ နယ်ထားသော ထုံး၊ မန်ကျည်းမှည့်၊ ပျားရည်တို့ မျှတစွာ ရောစပ်ထားသော ဆေးကို အဖုအကျိတ်ပေါ် တင်ရန်ဖြစ်ပါသည်။ အဖုအကျိတ်ပေါ် ဆေးတင်သောအခါ ပူသောအရသာနှင့် အတွင်းသို့ ဆွဲစုပ်သကဲ့သို့ ခံစားရပါမည်။ ပြန်ပြီး မခွာရပါ။

တစ်နေ့လျှင် ထိုဆေးကို သုံးကြိမ်မျှ တင်ပေးနိုင်ပါသည်။ အဖုအကျိတ်ဖြစ်ခါစဆိုပါလျှင် ဆေးတင်လိုက်ပါက သုံး၊ လေးရက်အတွင်း သက်သာပျောက်ကင်းပါသည်။ အဖုအကျိတ်ရင့်ပြီး ကိုက်ခဲနေလျှင်လည်း ဆေးတင်ပေးပါက ပြည်ပေါက်ပြီး အနာကို အမြန်ကျက်စေပါသည်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား-Facebook**

## တောင်သူများကိုယ်တိုင်ပါဝင်သည့် သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း ကွင်းသရုပ်ပြ

**ဇမ္ဗူသီရိ ဇူလိုင် ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာ ကွင်းအမှတ် (၁၆၅၉)တွင် တောင်သူများ ကိုယ်တိုင်ပါဝင်သည့် သားဆက်လိုင်းများမွေးမြူရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ တောင်သူများနှင့် တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယခုကဲ့သို့ တောင်သူများကိုယ်တိုင် ပါဝင်သည့် သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်းမှာ ဇမ္ဗူသီရိမြို့နယ်အတွက် သင့်တော်သည့် မျိုးများကို တောင်သူများအတွက် အခြေခံကာ ရွေးချယ်နိုင်စေရန် ရည်ရွယ်ပါကြောင်း၊ ထို့အပြင် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော စိုက်နည်းစနစ်များကိုလည်း ဆက်လက်စမ်းသပ်ရမည် ဖြစ်ကြောင်း မှာကြားခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများနှင့်အတူ သားဆက်လိုင်းများမွေးမြူရွေးချယ်ခြင်းသုတေသနစမ်းသပ်ကွက်အတွင်း စိုက်ပျိုးစမ်းသပ်ထားသည့် (ပြည့်ဝ×ဆင်းဧကရီ-၃)×(ပြည့်ဝ×ပခန်းရွှေဝါ)၊ (ပြည့်ဝ×ရွှေအာဆီယံ)×(ကျော်ဇေယျ×ရတနာ့တိုး)၊ (ပြည့်ဝ×ဧရာမင်း) စပါးမျိုးလိုင်းများထဲမှ စိတ်ကြိုက်ရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**





## မြို့ကျက်သရေဆောင်သာသနာ့ ဗိမာန်တော်ကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဂန့်ဂေါ ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်၇နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် မြောက်ကုန်းရပ်ကွက်ရှိ မြို့ကျက်သရေဆောင်သာသနာ့ဗိမာန်တော်ကြီးအတွင်းတွင် ဌာနဆိုင်ရာများစုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ပူးပေါင်း၍ စုစုပေါင်းအင်အား ၄၀၀ဦးဖြင့် သာသနာ့ဗိမာန်တော်ကြီးဝင်းအတွင်းတွင် အမှိုက်သရိုက်များနှင့် ပေါင်းပင်၊ မြက်ပင်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်းကို စုပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာသို့ ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကာ သာသနာ့ဗိမာန်တော်ကြီးတွင် သန့်ရှင်းရေးဆောင်ရွက်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအား မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြို့ခင်းသာတောင်ကျောင်း ဆရာတော် ဘဒ္ဒန္တဇဋိလက မုန့်ဟင်းခါးဖြင့် အာဟာရဒါနကျွေးမွေးခဲ့ကြောင်းသိရသည်။ (အပေါ်ပုံ)

**မောင်မျိုးမင်း**

## သဘာဝဘေးကြောင့် ပျက်စီးမှု၊ ပြန်လည်ဆောင်ရွက်ပေးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**တပ်ကုန်း ဇူလိုင် ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်၊ မကျီးပင်ကျေးရွာအုပ်စု၊ မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာများအတွင်း သဘာဝဘေးကြောင့် ပျက်စီးမှု၊ ပြန်လည်ဆောင်ရွက်ပေးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူက ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရေဘေးမှာ မကျီးပင်၊ ညောင်ပင်သာကျေးရွာများ ရေဘေးသင့်ခံခဲ့ရကြောင်း၊ ရေဘေးသင့်ကျေးရွာများတွင် နေပြည်တော်ကောင်စီအား၊ ဌာနဆိုင်ရာအား ပြည်သူများနှင့် ပရဟိတအားဖြင့် ကယ်ဆယ်ရေး၊ ကြိုတင်ကာကွယ်ရေးတို့ကို ကဏ္ဍပေါင်းစုံဆောင်ရွက်ပေးလျက်ရှိကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက မကျီးပင်ကျေးရွာ၊ ညောင်ပင်သာကျေးရွာ တည်ထောင်ပေါ်ပေါက်လာပုံများ၊ သဘာဝဘေးကြောင့် ပျက်စီးမှု၊ ပြန်လည်ဆောင်ရွက်ပေးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရွက်ရေးစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီးနောက် တက်ရောက်လာသော သက်ဆိုင်ရာကော်မတီအသီးသီးမှ ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**



## မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပခုက္ကူပညာရေးဒီဂရီကောလိပ်ရှိ အုတ်တံတိုင်းဟောင်း ပြိုလဲပျက်စီး၊ ပြည်သူတချို့ ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**ပခုက္ကူ ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ဇူလိုင် ၁၂ ရက် ညနေ ၆နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ ပခုက္ကူပညာရေးဒီဂရီကောလိပ် အရှေ့ဘက်ခြမ်း(အားကစားရုံနှင့် ဝန်ထမ်းအိမ်ရာဘက်)ရှိ ၁၉၈၅ ခုနှစ်က ဆောက်လုပ်ထားသည့် အလျား၁၀ပေ၊ အနံ၉ပေရှိ အုတ်တံတိုင်းဟောင်းပြိုကျပျက်စီးသည့်အပြင် ဆင်ပေါက်လှချောင်းရေ ကျဆင်းလာခြင်းကြောင့် အမှတ်(၁၅)ရပ်ကွက်၊ ဆင်ပေါက်လှရပ်ရှိ အိမ်ထောင်စု ၂၇စု၊ ပြည်သူလူဦးရေ ၁၀၈ ဦး ရေဘေးလွတ်ရာ ခုနစ်အိမ်တန်းမွှေ့ရုံသို့ ပြောင်းရွှေ့ခဲ့ကြသည်။

ထိုသို့ ရေဘေးအန္တရာယ်ဖြစ်ပွားသည့်နေရာများသို့ ပခုက္ကူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ သဗ္ဗေမီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရှင်းလင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခြင်း၊ ရေဘေးသင့်ပြည်သူများအား ရေဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောခြင်း၊ လိုအပ်သည်များ ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ထို့အပြင် မိုးသည်းထန်စွာရွာသွန်းကာ မိုးရေစီးဝင်ခဲ့မှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်း လမ်းမများ၊ ရေမြောင်းများရှိ ရေဆိုးရေညစ်များ၊ အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများက သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ လိုက်လံဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၃၄၀)

၀-၀-၀-၀-၀



## အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာ ပြုမူနေထိုင်ခြင်း အသိပညာပေးဟောပြော

**မိုင်းယောင်း ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်အမှတ်(၅)အခြေခံပညာမူလတန်းကျောင်း၌ ယမန်နေ့က အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာ ပြုမူနေထိုင်ခြင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ကြက်ခြေနီသူနာပြု တပ်ဖွဲ့မှူး ဦးသန့်ဇင်ဦးက အမှာစကားပြောကြားပြီး ကြက်ခြေနီအကြောင်း သိကောင်းစရာကို ဟောပြောကာ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ကြပ်ကြီး(တာဝန်)ဦးထက်မြတ်ထွန်းက အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာ ပြုမူနေထိုင်ခြင်းအကြောင်းများကို ဟောပြောသည်။



ထို့နောက် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာ ပြုမူနေထိုင်ခြင်း အကြောင်းများကို ပိုစတာများဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၅၀၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များ ပေးထားခြင်းသည် အမှန်တကယ်ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင်ဖြစ်...

❖ မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင်မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းပင်ဖြစ်သဖြင့် သီးနှံများထွက်ရှိမှု၊ ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**စိုက်ထည့်ပေးခဲ့**

ငါးမျိုးစိုက်ထည့်ပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက မင်္ဂလာကန်အတွင်းသို့ ကြီးထွားနှုန်းမြန်ဆန်သည့် ငါးခုံးမနှင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ငါးမျိုးများစိုက်ထည့်ပေးစဉ်။




## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ





နေပြည်တော် ဇူလိုင် ၁၄

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိသည်။

**အနိုင်ရရှိ**

ယနေ့မွန်းလွဲ ၃ နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

သက်ဆိုင်ရာဇုန်များအလိုက် အားကစားကွင်းအသီးသီးတွင် အသင်းများ၏ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက် လာရောက်အားပေးကြည့်ရှုကြသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်း၌ ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် ဇူလိုင် ၂၁ ရက်မှ စတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၇ အသင်းအတွက် ဂျပန်အမျိုးသမီး နည်းပြတစ်ဦး ခန့်အပ်

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၅ ခုနှစ်အတွင်း ကျင်းပမည့် အာဆီယံပြိုင်ပွဲနှင့် အာရှခြေစစ်ပွဲများအတွက် ပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၇ အသင်းအတွက် ဂျပန်အမျိုးသမီး နည်းပြတစ်ဦးကို ဇူလိုင် ၁၄ ရက်က တရားဝင်ခန့်အပ်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ယူ-၁၇ အသင်း နည်းပြချုပ်အဖြစ် အသက် ၄၅ နှစ်အရွယ် Ms. Kumiko Tashiro ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

Ms. Kumiko Tashiro သည် ကစားသမားဘဝတွင် Urawa Red

စာမျက်နှာ ၅ သို့ ✡

